ဆိုး

# ညစဉ်ခွန်အား

ခရစ်ယာန် အိမ်ထောင်ဝတ်ပြု လမ်းညွှန်စာစောင်



Model

ဆိုး

ညစဉ်ခွန်အား

ခရစ်ယာန် အိမ်ထောင်ဝတ်ပြု လမ်းညွှန်စာစောင်





Model

# ဆိုး ပြုစုသည့်

# ညစဉ်ခွန်အား

## အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်

**၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ**

ရွှင်လန်းဝမ်းမြောက်စရာ ဒီဇင်ဘာသို့ တဖန်ရောက်ရှိလာပြန်ပါပြီ မိတ်ဆွေ။ နှင်းတွေဝေသော ဒီဇင်ဘာလ၏ နံနက်ခင်းများကို မြင်တွေ့ခံစားရသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းစရာရှိပါသည်။ ငယ်စဉ်တုံးကတော့ ဒီဇင်ဘာကိုရောက်လျှင် ပျော်ရွှင်စရာကိုပဲ အသည်းအသန် တွေးတော၍ ရင်ခုန်လှိုက်မောခဲ့ရပါသည်။ ခရစ်စမတ်စ်ပွဲတော်ကို ပျော်ပျော်ဆင်နွှဲ၍ ဝိညာဉ်ရေးရာတွေကိုတော့ သာမညအဖြစ်နဲ့သာ ထားခဲ့ဖူးပါ၏။ ဖြတ်သန်းခဲ့ဖူးသော. . ခရစ်စမတ်စ်အလွဲများကို သတိရရင်းဆင်ခြင်စရာ မွေးနေ့တော်ရာသီဥတုများ အကြောင်းကို စာဖွဲ့မိပါသည်။ ထိုသတင်းစကားများကို စုစည်းတင်ပြရင်းယခုလ ညစဉ်ခွန်အားကို ပေးပို့ခွင့်ရသဖြင့် ဘုရားရှင်၏ကျေးဇူးတော်ကို ချီးမွမ်းပါ၏။

ညစဉ်ခွန်အား မိတ်ဆွေများအားလုံးသည်လည်း ဤစာများကိုဖတ်ရှုလျက် သင်ရန်စာကို ယူနိုင်ပါစေ။ ခွန်အားလည်းရ၍ ပျော်ရွှင်ခြင်းကိုလည်းရပါစေဟု ဆုတောင်းပါသည်။ ခရစ်စမတ်စ်ကာလ၏ ငြိမ်သက်ခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းနှင့် ကယ်တင်ခြင်းဆုကျေးဇူးကို ပြည့်ဝစုံလင်စွာ ခံစားရပါစေ. . ဟု နာမတော်မြတ်၌ ဆုတောင်းမေတ္တာပို့သအပ်ပါ၏။ (အာမင်)

Merry Christmas to you all.

■ **Author & Editor: ဆိုး** ■ **Supporter: သန္တာရွှေ** ■ **Title: အယ်လင်စောဦး(C.L.S)** ■ **Computer: ရဲထွေးလှ** ■ **Distribution : သွဲ့ဖော၊ မူအိုင်း၊ နေခြည်နွေးနွေး၊ ထူးအုပ်စိုး၊ လယ်လားရှိုး၊ ထွန်းထွန်းဇော်** ■ **Admin : တွယ်တာထွန်း၊** ■ **Logo: မျိုးမင်းသော် (Bible league)** ■ **Address: ၈၉၃(ခ)၊ ည/၁၁ ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ် (၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။** ■ **တဆင့်ဖုန်း း ၆၁၀ ၄၂၇၊ ၆၁၁ ၃၂၉** ■ **CoverK.P.T Group** ■ **e.mail: cwhsoe@singapore.net** ■ **http:/ lwinmoe.friendsofburma.org/nyasinkhunah/**

**ဗက်လင်ကြယ်. . . မှ စီစဉ်တင်ဆက်သည်။**

**ဒီဇင်ဘာလ (၁) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရကြရလတ္တံ့ဟုလာသတည်း။ ဧမာနွေလ အနက်ကား၊ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်ဟုဆိုလိုသည်။(ရှင်မဿဲခရစ်ဝင် ကျမ်း၊၁း၂၃)

## “ခြေသံဖွဖွခရစ်စမတ် …”

**တစ်နှစ်တာကာလ၏(၁၂)လမြောက်သော ဒီဇင်ဘာသို့ ရောက်လာပါပြီ။ ဒီဇင်ဘာ ဆိုသည်နှင့် ခရစ်စမတ်ဆိုသော ဝေါဟာရက ရင်ထဲသို့ ဒိုင်းကနဲတိုးဝင်လာခဲ့ပါ၏။ တစ်နှစ် တာကာလပတ်လုံးပြေးဟယ်၊ လွှားဟယ်နှင့်အုန်းအုန်းထနေသော လောကကြီးသည်တုန့် ကနဲရပ်သွားသော ပြိုင်မြင်းတစ်ကောင်ကဲ့သို့ပင်၊ ဘုရားသခင်ထံသို့ မျက်နှာမူလာမိလေ သည်။ ဘုရားဝတ်ပြုကျောင်းများ၊ အိမ်များကိုအလှဆင်ဖို့ သတိရရင်းဟိုနားဒီနားထိုးထား ခဲ့သော ခရစ်စမတ်သစ်ပင်ကို ရှာဖွေမိလေ၏၊ သမ္မာတရားနှင့် ဝေးကွာသူများပင်လျှင် . . . ခရစ်စမတ်ရောက်တော့မယ်။စိတ်နှလုံးကိုပြင်ဆင်ပြီး ဘုရားကျောင်းသွားရမယ်။ သခင်ယေရှုသူငယ်တော်ကို ကြိုဆိုရမယ် . . . ဟုဆင်ခြင်စပြုလာကြပါ၏။ မည်သူမျှသတိ မပေး၊ မနှိုးဆော်လျှင်တောင်မှ . . . ဒီဇင်ဘာဆိုသော လအမည်ကိုကြားသည်နှင့် . . . လောကအလုပ်များကို အရှိန်သတ်၊ ဝိညာဉ်ရေးရာဘက်သို့ မျက်နှာမူလာကြသည်မှာ အံ့ဩဖွယ်ရာဒီဇင်ဘာ၏ အရှိန်အဝါဖြစ်ပါသည်။**

**အကယ်စင်စစ်၊ ဒီဇင်ဘာသည် ကျန်သောဆယ့်တစ်လနှင့်ခံစားချက်ခြင်းကွဲပြားခြား နားရသောအကြောင်းမှာ အဘယ်ကြောင်း။ ဤလတွင်ထာဝရဘုရားသခင်သည် ကမ္ဘာ လောကသို့ ချဉ်းကပ်လာသကဲ့သို့ ခံစားမိပါသည်။ ထို့ကြောင့်လည်း ထူခြားသော ဒီဇင်ဘာ၊ မင်္ဂလာရှိသောဒီဇင်ဘာ ဖြစ်ခဲ့ရပါသည်။ အေးချမ်းငြိမ်သက်ခြင်း၊ ပျော်ရွှင်ရင်ခုန်ခြင်း၊ မျှော်လင့်အားယူခြင်းများနှင့် ဖွဲ့စည်းထားသောကာလမှာသူငယ်တော်ယေရှုသည်မွေးဖွား ခြင်းကိုခံရသဖြင့် . . . လောက၌အမှန်တကယ်တည်ရှိခဲ့သော နိမိတ်ပုံကိုလည်းခံစားခဲ့ကြရ ပါ၏။ ဘုရားသခင်သည် ကျွန်တော်တို့ အပြစ်သားများနှင့် အတူတည်နေတော်မူသည် ဖြစ်၍ သားတော်၏ဘုန်းတော်ကိုမြင်ရသော အချိန်လည်း ဖြစ်ပါ၏။ ဓမ္မဟောင်းကာလ တွင် ဣသရေလအမျိုးသားများထံသို့ ဘုရားသခင်ကြွရောက်လာတိုင်း။ နီးကပ်လာတိုင်း ဘုန်းတော်ကိုမြင်ရကြပါ၏ (ထွက်၊၁၆း၁၀။ထွက်၊၄၀း၁၃)**

**ယခုကာလတွင်လည်း ဒီဇင်ဘာရောက်လေတိုင်းဘုရားသခင်၏ ဘုန်းတော်ကိုမြင်တွေ့ ကြခဲ့ကြရ၏။ ခြေသံဖွဖွနှင့် ဝင်လာသောခရစ်စမတ်သည် မေတ္တာကြိုးနှင့် သွေးဆောင်သော ကိုယ်တော်၏ မွေးဖွားတော်မူခြင်း ညကို သတိရစေလျက် ကယ်တင်ခြင်း ဆုကျေးဇူးကို ယူဆောင်လာသော သခင်၏မေတ္တာတော်ကိုလည်း ဖော်ပြမည်ဖြစ်၍. . . ယခုနှစ် ဒီဇင်ဘာ ကို ဝင်စားခွင့်ရသောကြောင့် ကျေးဇူးတော်ကို ဦးစွာပထမချီးမွမ်း၍ ကျွန်တော်တို့အား လုံးအတွက် . . . ချိုသော ဒီဇင်ဘာ ()ဖြစ်နိုင်စေဖို့ ခါးသောအရာကို မေ့ထားလွှင့်ပစ်လျက် ပဌမဦးဆုံးသော ဒီဇင်ဘာရက်ကလေးမှာ နှလုံးသားကို ပြင်ဆင်ချိန်ကလေး ပေးကြပါစို့။**



**ဒီဇင်ဘာလ(၂) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်း ငှာစွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့လာ ဦးမည်။ သင်တို့မူကား မြင်ကြရလိမ့်မည်။ သင်တို့သည်လည်း အသက်ရှင်ကြရလိမ့်မည်။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၁၄း၁၈)

## “သင်တို့ဆီသို့ …”

**တစ်နှစ်တုံးကတော့ ဆရာစောအား ပိုကဖိတ်သဖြင့် ရှမ်းပြည်မြောက်ပိုင်းသို့ ခရီးသွား ခွင့်ရခဲ့ပါသည်။ ယခုနှစ်မှာတော့ ဆရာက သိက္ခာတင်ပြီးနောက် အသင်းတော်အလုပ်များ ပိုမိုထမ်းဆောင်လာရသဖြင့် ကျွန်တော့်ကို မဖိတ်မခေါ် အားတော့ပါ။ သို့သော် ဆောင်း တွင်းရောက်လျှင် ရှမ်းပြည်သို့ သွားနေကျမို့ မသွားရလျှင် တစ်မျိုးလေးခံစားရပါ၏။ ကျေး ဇူးတော်ကြောင့် သွားခဲ့ဖူးသော အကြောင်းကိုတော့ အောက်မေ့တမ်းတခွင့်ရပါသည်။ လားရှိုးမြို့မှ အန်တီဒေါ်တောက်တောက် အိမ်သို့ အောက်မေ့ဖွယ်ဘုရားရှိခိုးရန် ရောက် ခဲ့ဖူးပါ၏။ အန်တီသည် ညစဉ်ခွန်အားအတွက် အလှူငွေပေးရင်း ခင်ပွန်းသည် ဦးခင်မောင်မြင့် ဆုံးသွားတာ (၂၇) နှစ်ရှိပြီ။ ဒီဇင်ဘာ (၂)ရက်နေ့က ကားမတော်တဆ တိုက်မိ၍ ခေါ်တော်မူခြင်း ခံရတာဟု ပြောပြသောအခါ ရင်နှင့်အမျှ ခံစားရပါ၏။(၂၇) နှစ်တာ ကြာမြင့်သော်လည်း၊ သေသောသူကြာရင်မေ့. . ဟူသော စကားနှင့် ဆန့်ကျင်စွာ အောက်မေ့သတိရဆဲ ရှိပါသည်။ နံရံပေါ်မှ ဇနီးမောင်နှံဓာတ်ပုံသည် ဖုံမတက်၊ ဆေးမပျက် ဘဲ ကြည်လင်ဆဲရှိသေး၏။ အိမ်သည် မုဆိုးမ၏ အိမ်ဟု ထင်စရာမရှိ။ ခင်ပွန်းသည်၏ အငွေ့အသက်သည် ပျံ့လွင့်လျက် နေပါသေးသည်။**

**သားသမီးများကလည်း ဖခင်ကို မမေ့ဘဲ သူ့အကြောင်းကို ပြောနေကြဆဲရှိပါသေး သည်။ သူတို့သည် ဝမ်းနည်းသော်လည်း အားငယ်ခြင်းမရှိကြပါ။ လူ့ရှေ့၊ ဘုရားသခင်ရှေ့ မှာ မျက်နှာရကြပါသည်။ ဆရာမများ၊ ပညာတတ်များ ဖြစ်လာကြလျက်၊ အသက်တာ၌ ဘုရားရှင်၏ ဂရုပြုခြင်းကို မျှော်လင့်ကာ ဝိညာဉ်ရေးရာမှာလည်း ကြီးပွားလျက်ရှိပါသည်။ စင်စစ်. . . ဤအမှုအရာသည် ဖခင် စောစောဆုံးရှုံးရသော အိမ်ထောင်များ၌ မြင်ရရန် ခဲယဉ်းသော်လည်း ဒေါ်တောက်တောက်၏ အိမ်ထောင်၌မူ ငြိမ်သက်ခြင်းနှင့် ရွှင်လန်းခြင်း ဆုကျေးဇူးကို ရခဲ့ကြပါသည်။ တကယ်တော့ ဘုရားသခင်ကို အားကိုးခိုလှုံလျက်၊ ကိုယ်တော် ၏ လက်ကို မြဲမြံစွာ ဆုပ်ကိုင်ခဲ့သော သူတို့၏ နှစ်ပေါင်း (၂၇)နှစ် ကြာမယိုင်မလဲရပ်တည် ခွင့်ရခဲ့သော ဖခင်မဲ့ အိမ်ထောင်သည် ကောင်းသော ပုံသက်သေအဖြစ် ဘုရားသခင်၏ မေတ္တာတော်ကို ထင်ရှားစေခဲ့ပါသည်။**

**သခင်ယေရှု၏ ဂတိစကားတွင် ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှာ စွန့်ပစ်မည် မဟုတ်. . . ဟူ၍ ဖြစ်ပါ၏။ သင်တို့ဆီသို့ ငါလာဦးမည်ဟုလည်း ကတိပြုထားသည်ကို ခွန်အားယူ၍ လောကလှိုင်းတံပိုးများကို စိုးရိမ်ခြင်းမဲ့ ဖြတ်သန်းနိုင်ဖို့လိုပါသည်။ အထူး သဖြင့် ဒီဇင်ဘာလ သခင်ယေရှုမွေးဖွားတော်မူသော ကာလတွင်ပို၍ မျှော်လင့်စရာရှိပါ၏။ မည်သို့သော အနေအထား၌ ဖြစ်ပါစေ၊ ဘုရားရှင်သည် သားသမီးများကို မစွန့်ပစ်သည် သိမှတ်ကြပါစို့၊ မိမိတို့၏ နာကျင်ခြင်း၊ ပင်ပန်းခြင်းနှင့် ဝန်လေးခြင်းများကို အပ်နှံလျက် ချမ်းသာရဖို့ အချိန်ဖြစ်ပါသည်။ သင်တို့ဆီသို့ လာဦးမည် . . . . ဆိုသော ဂတိတော်ကို တိုး၍ လက်ခံယုံကြည်လျက် အသက်တာ၌ ဝမ်းမြောက်စာကို ရှာဖွေကြပါစို့။**

**ဒီဇင်ဘာလ(၃)ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ကောင်းကင်ဘ၀ဂ်၀ယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်း ရှိစေသတည်း။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၂း၁၄)

## "တိတ်ဆိတ်ည၊ သန့်ရှင်းည ..."

**ခရစ်စမတ်စ်ကာလကို ရောက်လေတိုင်း တိတ်ဆိတ်ည၊ သန့်ရှင်းညအမည်ရှိ ဓမ္မသီချင်းကို သီဆိုကြားနာ၊ ဂုဏ်တော်ကို ချီးမွမ်းခွန်အားယူကြပါသည်။ ၁၈၁၈ ခုနှစ်၊ အန်းဒေါ့မြို့ရဲ့ ခရစ်စမတ်စ်အကြိုနေ့ စည်းဝေးမှာ လက်ထောက်သင်းအုပ်ဆရာ ဂျိုးဇက်မိုးသည် တိတ်ဆိတ်ငြိမ်သက်စွာ ၀တ်ပြုကိုးကွယ်သူများကို ငေးကြည့်ခဲ့ပါသည်။ ဘုရားကျောင်းမှ ခပ်လှမ်းလှမ်းနေရာသို့ ထွက်ခွာပြီးနောက် ငြိမ်သက်သော ညမှာ ကဗျာတစ်ပုဒ်ကို အမှတ်တမဲ့ ရေးခဲ့မိပါသည်။ ထို့နောက်မှ အခန်းထဲသို့ ပြန်ဝင်လာသည်။ ထိုအချိန်တွင် ၀တ်ပြုစည်းဝေးပြီးပြီဖြစ်၍ လက်ဆောင်များကို ဖလှယ်ရန်အတွက် တစ်ဦးကိုတစ်ဦး နာမည်အော်ခေါ်နေကြပါသည်။ သူ၏ သူငယ်ချင်းဖရန့်က သူ့ကို လက်ဆောင်ပစ္စည်းပေးသောအခါ သူ့မှာ ဘာမှ ပြန်ပေးစရာမရှိသဖြင့် အသစ်စက်စက်ရေးထားသော ကဗျာစာရွက်ခေါက်ကလေးကို ပေးလိုက်ပါသည်။ ထို့နောက် သူ၏ အိမ်သို့ ပြန်သွားခဲ့ပါသည်။ ဖရန့်သည် ဂျိုးဇက်မိုး၏ ကဗျာကို ချက်ချင်းပင် သံစဉ်သွင်းလျက် သီချင်းသည်ဖြစ်သော စထရာဇာညီအစ်မတို့နှင့် ဆိုလိုက်ကြပါသည်။**

**ခရစ်စမတ်စ်အကြိုညကလေးသည် ငြိမ့်ညောင်းသော သံစဉ်၊ အားရှိသော တေးသွား၊ ခံစားမှု အပြည့်ပါသော ကဗျာတို့ဖြင့် ချက်ချင်းပင် အသက်ဝင်လျက် ၀တ်ပြုစည်းဝေးပွဲလာသူအားလုံးကို ဆွဲဆောင်လိုက်ပါသည်။ ထိုသီချင်းကို အားလုံးပင် လိုက်ဆိုကာ ကျက်မှတ်ယူကြသည်မှအစ . . . နောက်ပိုင်းတွင် ခရစ်စမတ်စ်ကာလများ၌ မပါမဖြစ် သီချင်းကေရာဇ်ဖြစ်လာခဲ့ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် ရှိရှိသမျှ ခရစ်စမတ်စ်သီချင်းများစွာအတွက် အကြီးအကျယ်ဆုံး သီချင်းအဖြစ် တစ်ကမ္ဘာလုံးမှ မြတ်မြတ်နိုးနိုး တန်ဖိုးထားကြပါသည်။**

**မထင်မရှား ဂျာမဏီပြည်မှ ရွာကလေးတစ်ရွာမှ ငြိမ်သက်ခြင်းအစစ်အမှန်ကို ရှာဖွေတွေ့ရှိခဲ့သူ ကဗျာဆရာတစ်ယောက်၏ အနုပညာကို ဘုရားသခင်အသုံးပြုခဲ့ပါသည်။ သူ၌ သခင်ယေရှုအား မွေးနေ့လက်ဆောင်ပေးစရာ ဘာမျှမရှိ။ ရှိသည့်အရာကိုသာ ပေးခဲ့ပါ၏။ ထိုလက်ဆောင်ကလေးကို ဘုရားသခင်လက်ခံ၍ အသုံးပြုသောအခါ လူအများကြုံစည်၍ မမှီနိုင်သော အောင်မြင်ခြင်းနှင့် ဂုဏ်သရေရှိကို ပေးပါသည်။ ဂန္တဝင်သီချင်းတစ်ပုဒ်ဖြစ်ပေါ်လာပုံမှာ မည်မျှအံ့ဩဖွယ်ဖြစ်ပါသနည်း။**

**ပို၍ အံ့ဩဖွယ်ကောင်းသောအရာမှာ . . . . တိတ်ဆိတ်သန့်ရှင်းသော ဗက်လင်မြို့၏ ညတစ်ညတွင် ဘုရားသခင်သည် သားတော်အရင်းကို ကျွန်တော်တို့အားပေးခဲ့ခြင်း လက်ဆောင်အကြောင်းကို အောက်မေ့ဆင်ခြင်ကြပါစို့။**



**ဒီဇင်ဘာလ (၄) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

မိမိတို့ဘဏ္ဍာဥစ္စာကိုဖွင့်ပြီးမှ လောဗန်နှင့် မုရန်တည်းဟူသောနံ့သာမျိုးကိုလည်းကောင်၊ ရွှေကိုလည်းကောင်း ဆက်ကပ်ပူဇော်ကြ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၂း၁၁)

## "နှင်းဆက်လက်ဆောင် ..."

**ခရစ်တော်မွေးဖွားသော အချိန်အခါသို့ရောက်လေတိုင်း၊ တစ်ယောက်ကိုတစ်ယောက် လက်ဆောင် ပေးခြင်းသည်ထုံးတမ်းစဉ်လာဖြစ်နေပါပြီ။ ခရစ်စမတ်အချိန်အခါ၌ လက်ဆောင်ပေးရခြင်းနှင့် လက်ဆောင်ကိုရယူခြင်းသည် ထူးဆန်းမှုတော့မရှိပါ။ သို့သော် လက်ဆောင်၏ အနက်အဓိပ္ပာယ်မှာချစ်ခင်နှစ်သက်ခြင်း၊ မေတ္တာထားခြင်းနှင့် စေတနာကို ပြသခြင်း ဖြစ်ပါသည်။ စင်စစ် . . . ခရစ်စမက်လက်ဆောင်ပေးရခြင်းသည် ခရစ်တော်ကိုယ်တိုင်ကပင် ဘုရားသခင်မှ လူသားတို့အားပေးတော်မူသော လက်ဆောင်ဖြစ်နေသောကြောင့်။ ဒုတိယပုံ ဆောင်ချက်မှာ . . . ဖွားမြင်ပြီးချိန်၌ အရှေ့ပြည်မှ မာဂုပညာရှိများ ရောက်လာကာ၊ ယေရှု သူငယ်တော်အတွက်၊ ရွှေလောဗန်နှင့် မုရန်ဟူသော အဖိုးတန် လက်ဆောင်များကို ပူဇော် ဆက်သလက်ဆောင်ပေးခဲ့ကြသည့် အတွက်ဖြစ်ပါသည်။**

**ငယ်စဉ်တုံးက . . မနှင်းဆီသည် ကျွန်တော့်ကို လက်ဆောင်တစ်မျိုးကို ခရစ်စမတ်စ်အချိန်မှာပေးခဲ့ဖူးသည်ကို သတိရမိပါသည်။ ပန်းစိုက်တာ ဝါသနာပါ၍ အထူးသဖြင့် နှင်းဆီပန်းကို မြတ်မြတ်နိုးနိုးစိုက်ပျိုး၍ ပျော်ရွှင်ကြည်နူးသော သူမသည်၊ ရင်ခုန်သံမြန်မြန်ဖြင့် အလွန်လှပသော နှင်းဆီပန်းအိုးကို လက်ဆောင်ပေးရာ ကျွန်တော်ကလည်း ဝမ်းသာအားရလက်ခံခဲ့ဖူးပါ၏။ ပန်းနုရောင်အပွင့်နှင့် ထိုပန်းအိုးကို အိမ်သို့ ယူဆောင်လာသောအခါ မိခင်က အံ့ဩလွန်း၍ထမင်းအိုးပင်လွှတ်ကျသွားပါ၏။ ကျွန်တော်လို သားကို ဒီလို အရည်အချင်းရှိမည်ဟုမှ မအောက်မေ့ခဲ့ပဲလေ။ ကျွန်တော်ကလည်း သူခိုးရွှေရ တပြုံပြုံ ဆိုသကဲ့သို့ ထိုအိုးကို ဘယ်နားထားရမှန်းမသိ။ ဟိုထား၊ ဒီရွှေ့နှင့် မမျှော်လင့်ပဲ ညအိပ်ချိန်၌မှ သတိမပြုပဲ အိမ်အောက်မှာထားမိရာ ညအချိန်အလည်လွန်သော ဆိတ်တစ်ကောင်နှင့် တွေ့၍ နှင်းဆီပန်းခများ ငုံးတိလေးသာကျန်ခဲ့ပါ၏။ ထိုအကြောင်းကို မနှင်းဆီကြားလျှင် သူ့လက်ဆောင်ကို တန်ဖိုးမထားဘူးဟု ငိုရင်းပြောရာမှအစ၊ ဖြေရှင်းလည်းမရသည်နှင့် စောစောစီးစီး ဇာတ်လမ်းဆုံးခဲ့ရပါ၏။**

**စင်စစ်. . . လက်ဆောင်ကိုရသောအခါ ဝမ်းမြောက်ရုံသာမဟုတ်၊ တန်ဖိုးထားရပါမည်။ တန်ဖိုးမထားသောအခါ လက်ဆောင်ပေးသူ၏ မေတ္တာကို ဂရုမပြုသလိုဖြစ်ပါလားဟု သိလာသောအခါ နောက်ကျသွားပါပြီ။ လူသားများအတွက် ဘုရားရှင်သည် သားတော်ကို လက်ဆောင်ပေး၍ ကယ်တင်ခြင်းကို ရသဖြင့် ဝမ်းမြောက်စရာဖြစ်ရုံမက၊ တန်ဖိုးထားရပါမည်။ ခရစ်စမတ်စ် လက်ဆောင်၏တန်ဖိုးကို ဆင်ခြင်လျက် ကိုတော်၏မေတ္တာကို ချီးမွမ်းကြပါစို့။**

**ဒီဇင်ဘာလ (၅) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

သူ၏ကြယ်ကို ငါတို့သည် မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှာ. . ရောက်လာပြီဟု မေးမြန်းပြောဆိုကြ၏။(ရှင်မသဲခရစ်ဝင်ကျမ်း ၊ ၂း၂)

## "ကိုယ်တော်၏ကြယ်..."

ခရစ်စမတ်လများတွင် အိမ်ရှေ့မှာကြယ်တစ်လုံးကို တပ်ဆင်၍ မီးလုံးထည့်ထွန်းထားလိုပါသည်။ သူများတကာအိမ်တွေမှာလည်း၊ ထိုကဲ့သို့လုပ်ဆောင်လေ့ရှိသောကြောင့် ကျွန်တော်လည်း နှစ်စဉ်မပျက်လုပ်ဆောင်ခဲ့ရာ၊ ဒီနှစ်မှာတော့ သိမ်းထားသောကြယ်ကို လွယ်လွယ်နှင့် ပြန်ရှာ၍မရပါ။ ကိုယ်တိုင်လည်းကြယ်ကို ထောင့်ညီအောင်မချိုးတတ်သဖြင့် ဒီရာသီမျိုးမှာ ကြယ်လုပ်ရောင်းသော ဒေါ်ဖောတို့အိမ်သို့ သွားခဲ့ရပါသည်။ သူ့သားမက်များက လက်မှုပညာရှင်များ ဖြစ်ကာကြယ်များလုပ်ရောင်း၍ တစ်မိုးစာ၊ တစ်နွေစာ ဝမ်းသာဖူလုံကြပါသည်။ ကျွန်တော်က ကြယ်တစ်လုံးဝယ်ရန်သွားလျှင်. . . ဆရာသမားမို့ရောင်း၍လည်းမဖြစ်၊ အလကား ပေးရအောင်ကလည်း ဝါးဖိုး၊ နှီးဖိုး၊ သွပ်ကြိုးဖိုး၊ စက္ကူဖိုးကကြီးသဖြင့် မပေးနိုင်။ သူတို့တော်တော်ခွကျနေပါသည်။ ကျွန်တော်က အလိုက်သိသိ၊ အားနာနာနှင့် ငွေပေးပြီး တစ်လုံးယူလာခဲ့ပါသည်။ ကဗျာကယာကောက်ယူလာခဲ့သောကြောင့် မစစ်ဆေးခဲ့ရပါ။

အိမ်သို့ရောက်မှကြည့်လျှင် အချိုးမညီသော ကြယ်တစ်လုံး ဖြစ်နေပါသည်။ ထောင့်များမညီသဖြင့် ကြယ်မှာရွဲ့စောင်းစောင်းနှင့် အဆင်မပြေပါ။ ဝယ်ပြီးပြီမို့ ပစ်လိုက်ဖို့ကလည်းမဖြစ်၊ တပ်ဆင်ဖို့ကလည်းအသားနားနှင့် စိတ်ပျက်နေစဉ် ဇနီးသည်က မျက်စောင်းတစ်ချက်ထိုးပါ၏။ ခရစ်စမတ်စ်ကာလဆိုတော့ ဘာမှမပြော၊ ခရစ်စမတ်စ်ပြီးလျှင်တော့ ဒီအမှုပြန်ပေါ်ကာ နေရာတကာလောလောလောလော လုပ်တတ်သော ကျွန်တော် ရှင်းလင်းရပါဦးမည် ကိုသိလိုက်ပါ၏။ မည်သို့ပင်ဖြစ်စေ. . အနားငါးဖက်မညီသော ကြယ်တစ်လုံးကို ကြည့်ရင်း ခရစ်စမတ်စ်ကာလမှာ ပျော်ရွှင်မှုတစ်ခုကိုပဲ ဦးစားပေးခဲ့သဖြင့် လွဲမှားမှု များစွာအကြောင်း ဆင်ခြင်မိပါသည်။ ကမ္ဘာပေါ် နေရာဒေသအများတွင် ခရစ်စမတ်စ်၌ အပျော်လွန်၍ ဆုံးရှုံးနာကျင်ကြေကွဲမှုများ ဖြစ်ရသည်ကိုကြားနာရပါသည်။

ခရစ်စမတ်စ်ကာလ၌ ပျော်ရွှင်မှုဟူသော အနားတစ်ဖက်သာမက၊ အခြားအနား (၄)ဖက်ဖြစ်သော၊ (၁)စိတ်နှလုံးကိုပြင်ဆင်လျက် ဝတ်ပြုကိုးကွယ်ခြင်း၊ (၂)ဝမ်းမြောက်စွာ ပေးကမ်းဝေမျှခြင်း၊ (၃)ငြိမ်သက်စွာ ယုံကြည်ခြင်း၊ (၄)မျှော်လင့်လျက် သက်သေခံခြင်း အမှုများမှာလည်း ပါဝင်ဆောင်ရွက်ရန် ရှိပါ၏။ သို့မှသာ ခရစ်စမတ်စ်ကြယ်၏ အနား (၅)ဖက်သည်ညီညွတ်မျှတ၍ လှပမည်ဖြစ်ပါသည်။ အိမ်မှာတပ်ဆင်သော ကြယ်တစ်လုံးကို ဥပမာပြု၍ ခရစ်စမတ်စ်ကာလ၌ ဆောင်ရွက်ရန် အမှုငါးမျိုးအား ညီညွတ်စွာ လုပ်ဆောင်ကြပါစို့။



**ဒီဇင်ဘာလ (၆) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်စရာ သတင်းကို ငါသည်သင်တို့အား ကြားပြောရ၏။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၂း၁၀)

## 'ဝမ်းမြောက်စရာသတင်း ...'

နိုဝင်ဘာလဆန်းကတည်းက သမီးတို့အသင်းတော်မှာ ခရစ်စမတ်စ် သီချင်းများ တိုက်နေပြီ။ ဒီနှစ်တော့ အင်နဲ့အားနဲ့လိုက်လံပြီး နှုတ်ခွန်းဆက်ဖို့ ပြင်ဆင်နေကြသည်ဟု သတင်းကြားရ၍ ဝမ်းသာမိပါသည်။ လူငယ်များသည် ကာရိုသီချင်းကိုဆိုလျက် တစ်အိမ်ဝင် တစ်အိမ်ထွက်နှင့် မွေးဖွားတော်မူခြင်းသတင်းကို လိုက်လံကြေငြာသော အမှုမှာ အလွန်ကောင်းပါ၏။ တစ်ခါက ဗက်လင်မြို့ပြင် လွင်ပြင်စားကျက်မှာ ကောင်းကင်တမန်များက သိုးထိန်းများကို သတင်းများကြေငြာသည့်နည်းတူ ယနေ့လူငယ်များကလည်း အိပ်မောကျနေသော လောကကို သီချင်းများဖြင့်လှုပ်နှိုးခဲ့ပါပြီ။ ကျွတ်တော်တို့ ငယ်စဉ်ကတော့. . . ဒီလိုအစီအစဉ်မျိုးမှာ ပါဝင်မည်ပြုတိုင်း ဆရာသမားများက စည်းကမ်း ရှိရှိသွားလာနေထိုင်ဖို့ သွန်သင်ဆုံးမပြီးမှ လွှတ်လိုက်ပါ၏။

သို့သော်အပျော်လွန်သော ကျွန်တော်တို့က တစ်ချို့အိမ်သို့ရောက်လျှင် . . . ကြက်ဥ နှိုက်ကြသည်။ အချို့က ပန်းခူးသည်။ အချို့ကဝက်တွေ နွားတွေကို ကြိုးဖြည်ပေးသည်။ အိမ်ရှင်များကတော့မသိပါ။ ကျွန်တော်တို့ကလည်း အပျော်သဘောနှင့်သာ လုပ်ကြတာ ဖြစ်ပြီး သူတို့ကသိကအောက် ဖြစ်လျှင်ဝမ်းသာရွှင်လန်းကြပါ၏။ သို့သော်ဆရာများက မနှစ်သက်ပဲ အမြဲတမ်းတားမြစ်ပါသည်။ တစ်ညတွင်တော့ သူများတွေသီချင်းဆိုနေစဉ် သူငယ်ချင်းမိုးဇက်သည် အိမ်နံဘေးနား ကြက်တဲသို့ဝင်၍ ကြက်နှိုက်ပါ၏။ မမျှော်လင့်ပဲ ကြက်ဥကိုလာစားသော မြွေဟောက်ကိုနှိုက်မိရာ အလန့်တကြားဖြစ်ပြီးမှ မအော်ရဲပါ။ မြွေ၏လည်ပင်းကို ဆုပ်မိရာလွှတ်လည်း မလွှတ်ရဲ။ ကြောက်ချွေးတွေသီးလျက် ထွက်ပြေးရာ ရေတွင်းထဲသို့ ဝုန်းကနဲကျလေ၏။ ရွာမှ ရေတွင်းများ၌ ဘောင်မရှိသဖြင့် ညအချိန် သတိမပြုမိသော မိုးဇက်သည်မြွေတစ်ကောင်နှင့် အတူရေတွင်းထဲမှာ ဝရုန်းသုံးကား ဖြစ်လေ၏။ အခြားသူများက ဂုဏ်တော်သီချင်းဆိုနေရာ၊ ဂစ်တာသံ၊ တန်ဘိုရင်းသံများဖြင့် ညံစီနေ၍ သူ့ဒုက္ခကိုမည်သူမျှ မကြားလိုက်မမြင်လိုက်ပါ။ သူကတော့ မြွေကိုက်ခံရမှာလည်း ကြောက်၊ ရေနစ်သေမှာလည်းကြောက်နှင့် အော်ဟစ်ငိုယိုနေပါသည်။ သီချင်းဆိုပြီးမှ အသံကြား၍သွားကြည့်တော့. . . သေငယ်ဇောနှင့် မျောနေသော မိုးဇက်ကိုတွေ့၍ကယ်ကြရလေ၏။

စင်စစ်. . ခရစ်စမတ်သီချင်းဆိုသူများသည် တမန်တော်များသာဖြစ်ပါ၏။ တမန်တော်များနှင့်အညီပြုမူကျင့်ဆောင်၍ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန်သာဖြစ်ပါသည်။ မွေးဖွားတော်မူခြင်းကာလ၌ စိတ်ပါသည်ဖြစ်စေ၊ အပျော်သဘောနှင့်ဖြစ်စေ၊ နာမတော်ကို ရှုံ့ချစရာမဖြစ်ဖို့ရန်ဆင်ခြင်ဖို့ သတိပြုကြပါစို့။

**ဒီဇင်ဘာလ(၇)ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

ငါတို့ဘုရားသခင်၏ ကယ်တင်တော်မူခြင်း ကျေးဇူးကို မြေကြီးစွန်းအပေါင်းတို့သည် ကြရပြီ။ မြေကြီးသားအပေါင်းတို့သည် ထာဝရဘုရားအားကြွေးကြော်ကြပါစို့။ (ဆာလံကျမ်း၊ ၉၈း၄)

## "ချီးမွမ်းကြပါ ..."

**လွန်ခဲ့သည်လက အသက်(၄၂)နှစ်ရှိသော နက်(စ်)စီမန်တိုအမည်ရှိ အမျိုးသမီးတစ်ဦးသည် ရင်သားကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။ သူသည် 'ဘောလုံးဘုရင်က ငြင်းပယ်ခံရသောသမီး' အမည်ရှိ ကိုယ်ရေးအတ္ထုပတ္တိစာအုပ်ဖြင့် ကျော်ကြားခဲ့သူဖြစ်ပါသည်။ ငယ်စဉ်ကအလွန်ဆင်းရဲလျက် ဖခင်မရှိသဖြင့် နက်(စ်)ဆိုသောအမည် နောက်မှာထည့်စရာမျိုးရိုးနာမည်ပင်ရှာမရသော်လည်း ကြိုးစားရုန်းကန်၍ အောင်မြင်ကျော်ကြားသူ တစ်ယောက်ဖြစ်လာခဲ့ပါ၏။ သို့သော် ဖခင်အမည်အတွက် တိုက်ပွဲဝင်ခဲ့ရာ၌ အလွန်ခက်ခဲ့ပါ၏။ ၁၉၆၃ခုနှစ်တွင် နာမည်ကြီးဘောလုံးသမားပီလီက အိမ်ဖော်မိန်းကလေးတစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်ရာမှ သမီးကလေးကို မွေးဖွားလာခဲ့သော်လည်း နာမည်ကြီးသော ပီလီက သူတို့သားအမိကို အသိအမှတ်မပြုခဲ့ပါ။ မိန်းကလေးနှစ်ဦး၏ ဘဝကိုကစားပြီး ကလေးငယ်တစ်ယောက်၏ အနာဂတ်ကိုပျောက်ဆုံးစေခဲ့ပါသည်။**

**ထိုကလေးငယ်သည် အရွယ်ရောက်သောအခါ အပြင်းအထန်ကြိုးစား၍ သားအမိနှစ်ဦးသည် လူရာဝင်သူများဖြစ်လာသောအခါ ပီလီ၏မျိုးရိုးနာမည်အတွက်၊ ဖခင်၏ဂရုပြုမှု အသိအမှတ်ပြုမှုကို ရယူဖို့အတွက် တရားရုံး၌ လျှောက်ထားတောင်ဆိုခဲ့ရပါ၏။ ပီလီကဟာသလုပ်၍ငြင်းဆန်ခဲ့သော်လည်း မျိုးဗီဇခွဲခြားစစ်ဆေးမှု** (DNA test) **ပြုလုပ်ပြီးနောက်၊ ၁၉၉၃ ခုနှစ်တွင် ပီလီသည် သူမ၏ဖခင်ဖြစ်ကြောင်း တရားရုံးမှဆုံးဖြတ် ပေးသောကြောင့် နက်စ်၏ နာမည်နောက်မှာ ပီလီ၏အမျိုးနာမည် ဆီမန်တိုကိုတပ်ခွင့်ရပါသည်။ ပီလီကအရှက်နည်းနည်းဖြင့်ဆက်လက်ငြင်းဆို၊ အယူခံဝင်သော်လည်း တရားသူကြီးကလက်မခံပါ။ နက်စ်သည် ဆန်းတိုမြို့ကောင်စီဝင် တစ်ဦးဖြစ်သော်လည်း ဖခင်၏ဂရုမပြုမှုအတွက် ကြေကွဲဝမ်းနည်းလျက် ဖခင်မလိုချင်တဲ့သမီး** (The Daughter, The King Did't Want) **ဟူသောစာအုပ်ကိုရေးခဲ့ပါသတဲ့။**

**ဖခင်ဖြစ်သူ၏ ငြင်းပယ်ခြင်းကိုခံရသောအခါ ခံယည်းပင်ပန်း၊ ဝမ်းနည်းကြေကွဲခြင်းကိုသေလုအောင် ခံစားရသောကြောင်း စာအုပ်ကိုဖက်ရလျှင် ဖခင်ရှိခဲ့သော၊ ဖခင်မငြင်းပယ်ခဲ့သောသူဖြစ်သည်သာမက ဖခင်ဂရုစိုက်သော သားသမီးများဖြစ်ရခြင်းကို ဝမ်းသာရပါ၏။ ကာယ၌သာမက ဝိညာဉ်ရေးမှာလည်း အဖ၏ အရိပ်သည်ကြီးမားလုံခြုံလှပါ၏။ ကျွန်တော်ကျွန်မတို့လောက၏ ဖခင်များအတွက် ဘုရားသခင်ကို ကျေးဇူးတင်ရုံမက၊ တစ်ပါးတည်းသော သားတော်ကို စွန့်သည်တိုင် ချစ်တော်မူသော ကောင်းကင်ဘုံမှ အဖဘုရားရှင်ကိုလည်း ချီးမွမ်းကြပါစို့။**



**ဒီဇင်ဘာလ (၈) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ဖြောင့်မတ်ခြင်းအကျိုးကို လူတို့အားပေးတော်မူတက်၏။ (ယောဘ ဝတ္ထု၊ ၃၃း၂၆)

## "အကျိုး ...."

ခရစ်စမတ်ပွဲတော်အတွက် ကြိုတင်၍ပြင်ဆင်နေကြသူများကို ပင်ပန်းလိုက်တာ၊ ဒါတွေလုပ်နေတာ ဘာအကျိုးရှိသလဲဟု မကြားတကြားဝေဖန်သော စကားကိုကြားလျှင် ဆရာသည် အံ့အားသင့်ပြီးမှ သွား၍ရှင်းပြခဲ့ပါသည်။ ခရစ်စမတ်ပွဲတော်မှ အားလုံးပါဝင်စေချင်လို့ပါ။ ပါဝင်သမျှသူအားလုံးဟာ အကျိုးထူးကို ခံစားရပါမယ်. . . ဟု အာမခံရင်း ကုလားအုပ် ပုံပြင်ကို ပြောပြပါသည်။ ရှေးရှေးတုန်းက ဗက်လင်မြို့မှ အရှေ့ပြည်သို့ မပြန်ခင် ကုလားအုပ်များသည် ရေကိုသောက်ကြပါသည်။ ရေတစ်စည်ပြီး တစ်စည် သောက်နေသည်ကိုအံ့သြနေသော မိန်းခလေးက စပ်စုမိလေ၏။ ပညာရှိကြီး၊ ဘာဖြစ်လို့ သူတို့ဟာ ရေကိုများစွာ သောက်နိုင်သလဲပေါ့။ ပညာရှိကြီးက. . . . . .

ဒါဟာ. . . ကျေးဇူးတော်ပဲ။ ငါတို့ဟာအရှေ့ပြည်က ခရီးဝေးနှင်လာခဲ့ရတာမို့ တော်တော်နှင့် မရောက်နိုင်ဘူး။ လမ်းခရီးကကြမ်းတမ်းပြီး ရှည်လျားတဲ့အတွက်၊ ကုလားအုပ်တွေက အလွန်မောပန်းပြီး အနားယူရတော့မယ့်အချိန်မှာ ကောင်းကင်တမန်တစ်ပါးပေါ်လာပြီး၊ ငါတို့သုံးဦးကို သခင်ယေရှု မွေးဖွားဖို့ အချိန်အလွန်နီးကပ်ပြီလို့ ပြောပါတယ်။ အဲဒီစကားကိုလည်းကြားရော မောပန်းပြီးရေငတ်နေတဲ့ ကုလားအုတ်ကြီးတွေဟာ ဗက်လင်မြို့ကို အရောက်သွားဖို့ ဆုံးဖြတ်ပြီး ကုန်းထလာကြတယ်လေ။ ဒါကြောင့်. . . ငါတို့ဟာ ဗက်လင်မြို့ကို အချိန်မီရောက်ခဲ့ကြတာပါ။

အဲဒီကုလားအုတ်တွေရဲ့ ရေငတ်ခံ၊ အပင်ပန်းခံ၊ အနစ်နာခံမှုကြောင့် ဘယ်လို ကောင်းကြီး ပြန်ရသလဲဆိုရင်၊ ဘုရားသခင်က ကုလားအုတ်တွေကို ရေတစ်ကြိမ်တည်းများများ သောက်နိုင်အောင်၊ ခွင့်ပေးတယ်။ ပြီးတော့ . . . အချိန်ကြာမြင့်စွာနဲ့ ခရီးဝေးလံစွာ သွားနိုင်တဲ့ ခွန်အားကိုပေးပါတယ်. .။ ခရစ်တော်မွေးဖွားခြင်းကာလမတိုင်မီက၊ ကုလားအုတ်များသည် ရေများများမသောက်၊ ခရီးဝေးဝေးမသွားနိုင်ဟု ဒဏ္ဍာရီကလေးကပြောပါ၏။ မွေးနေ့ပွဲတော် သို့ဝင်ရသော အခွင့်ကား ကြီးလှသည်။ မွေးနေ့တော်ပွဲကို ဝင်ရသောသူတိုင်းသည် ခရစ်စမတ်စ် လက်ဆောင်ဆုကောင်းကြီးမင်္ဂလာ တစ်မျိုးမျိုးကို ရမြဲဖြစ်ပါ၏။ ကုလားအုတ်များပင်လျှင် သူတို့အတွက်အဖိုးတန်သောမွေးနေ့ လက်ဆောင်ကိုရသေးလျှင် ဘုရားသခင်၏ သားသမီးများကားပို၍အဖိုးတန်သော လက်ဆောင်ကိုရမည်ဖြစ်ပါ၏။ ထို့ကြောင့်ကိုယ်တစ်ဦးတည်း ခရစ်စမတ်စ်ပွဲတော်ကိုဆင်နွှဲသည်ထက်၊ မိသားစုနှင့်အိမ်သူအိမ်သားအားလုံး၊ မိတ်ဆွေများပါမကျန်. . . ပွဲတော်မှာပါဝင်နိုင်ဖို့ ကြိုးစားကြရပါသည်ဟု ဆရာကပြောပြလျှင် အမျိုးသမီးသည်လည်း ကျေနပ်၍ခရစ်စမတ်စ်သစ်ပင်အလှဆင်သောနေရာ၌အားတက်သရောပါဝင်ကူညီခဲ့ပါ၏။

**ဒီဇင်ဘာလ(၉)ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၃း၁၆)

## "စွန့်တော်မူသည် ...."

ခရစ်စမတ်နီးကာမှ သမီးကနေမကောင်း၍ ဆေးခန်းသို့မကြာခဏ သွားပြနေရသည်။ သူ့အမေကလည်း မလိုက်နိုင်သဖြင့် ကျွန်တော်သွားသွားပြပေးရပါသည်။ တစ်နေ့တွင် ဆေးခန်း၌ အလှည့်ကို စောင့်ဆိုင်းနေစဉ် ကလေးငယ်တစ်ယောက်ကို ပိုက်လျက် မိဘနှစ်ဦးသည် အပြေးအလွှားဝင်လာပါ၏။ ကလေးကတက်နေတယ် . . . ဟုပြောသဖြင့် သူ့ကိုအလှည့်ကျော်၍ ဝင်ခွင့်ပေးကာ ဆရာဝန်ကလည်း အလျင်အမြန်စမ်းသပ်ပေးပါသည်။ ဆရာဝန်က . . . သက်ပြင်းကိုချလျက်၊ ဆေးဝယ်ရမယ်ဟုပြောပါသည်။ ဆေးစာကို ရေးပေးလျှင် . . . ဖခင်ဖြစ်သူက အသံတုန်တုန်ဖြင့် ဘယ်လောက်ကျမလဲဟု မေးပါသည်။ ဆရာဝန်ကဆေးတန်ဖိုးများကိုပြောလျှင် ဇနီးမောင်နှံနှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကြရင်း ခဏမျှတွေဝေနေပြီးမှ . . နွမ်းပါးသောဇနီးသည်သည် သူမ၏လက်ထပ်လက်စွပ်ကို ချွတ်၍ပေးပါ၏။ ဆင်းရဲဟန်ရှိသော ခင်ပွန်းသည်၊ မျက်ရည်ကို သိမ်းလျက်၊ ဇနီး၏လက်စွပ်ကိုယူကာ၊ မောင်မြန်မာစက်ဘီးအဟောင်းကို အပြင်းနင်သွားပါသည်။ ခဏကြာလျှင် . . ငွေအချို့နှင့်အပေါင်လက်မှတ်ကို ဆုပ်ကိုင်လျက်ပြန်ရောက်လာပါသည်။ ဆရာဝန်ထံငွေအပ်ပြီးနောက် သက်သာစပြုသောရင်သွေးငယ်ကို ပွေ့ချီကြကာ . . . စက်ဘီးကလေးနှင့်ဇနီးမောင်နှံသည် ပြန်ထွက်သွားကြပါ၏။

အသင်းတော်၌ခရစ်စမတ် ပြဇာတ်တဟ်ပုဒ်ကို ရေးသားရန်ပြင်ဆင်နေသော ကျွန်တော်သည်၊ လောကပြဇာတ်ကို မျက်ဝါးထင်ထင် မြင်လိုက်ရပါသည်။ ဆေးခန်း၌ထိုင်နေကြသောသူအားလုံးသည်လည်း နွမ်းပါးသောမိသားစုနှင့် ရောဂါသည် သားတစ်ယောက်၏ ဇာတ်လမ်းတို့ကို ရှုမြင်ရပြီးနောက် သက်ပြင်းကိုယ်စီချလျက် . . . 'မိဘမေတ္တာနော်။ ရှိသမျှကို စွန့်တော့တာပဲ။ အဲဒီလိုမှ မစွန့်ရင်လည်း သူတို့သား အသက်ရှင်မှာ မဟုတ်ဘူး' ဟု ဝေဖန်ကြပါသည်။

စွန့်ခဲ့ကြပါ၏။ လူသားများပင်လျှင် မိမိတို့၏ သားသမီးများအတွက် ရှိသမျှကို စွန့်၍ ကယ်တင်ကြပါသည်။ သားသမီးများအပေါ်ထားသော ချစ်ခြင်းမေတ္တာနှင့်သက်ဆိုင်သော ဥပမာ သာဓကအများရှိ၍တွေ့ဆုံကြုံကြရပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမူကား သာ၍ပင် ကြီးမားပါ၏။ တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင် ချစ်ခြင်းမေတ္တာရှိကြောင်း ဖေါ်ပြသောအချိန်ကား ခရစ်စမတ်ညများ၌ဖြစ်ပါသည်။ ခရစ်စမတ်ကာလသည် ကိုတော်၏ စွန့်လွှတ်စွန့်စား၍ မေတ္တာတရားကို နားလည်စေဖို့ သွန်သင်လမ်းပြခြင်းကို တွေးတောဆင်ခြင်လျက် ယုံကြည်ခြင်းကို တည်ဆောက်ရန်ဖြစ်ပါသည်။



**ဒီဇင်ဘာလ (၁၀) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ကယ်တင်သောအရှင်သည် သင်တို့အဖို့အလို့ငှာ ဖွားမြင်ခြင်းကို ခံတော်မူပြီ။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၂း၁၁)

## "ခရစ်စမတ်စ်ခေါင်းလောင်း..."

ကျွန်တော်တို့ရွာကလေးမှရှိသော ဘုရားရှိခိုးကျောင်းတွင်လှပသော ခေါင်းလောင်းစင်နှင့် အသံသာယာသောခေါင်းလောင်းရှိပါသည်။ ထိုခေါင်းလောင်းကိုထိုးသော အဖွားကြီးတစ်ယောက်လည်းရှိပါသည်။ တနင်္ဂနွေရောက်လျှင် မည်သူ့ကိုမျှခေါင်းလောင်းထိုးခွင့်မပေးဘဲ သူမသာတစ်ဦးတည်းမူပိုင်ခေါင်းလောင်းထိုးပါသည်။ သူမကသူတတ်နိုင်သည့်ဘက်က အမှုတော်ဆောင်ခြင်းဟုခံယူကာဂုဏ်ယူစွာခေါင်းလောင်းထိုးခဲ့သည်။ တစ်သက်တာကာလပတ်လုံးဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်းပေါ်ပူက "သူကအသံကမကောင်းဘူးလေ။ ဒါကြောင့်အသံကောင်းအောင်ခေါင်းလောင်းထိုးနေတာ"ဟု ပြောပါသည်။ တကယ်လည်း မြန်မာပြည်၌ ထိုအယူအဆမျိုးရှိခဲ့ပါသည်။ တကယ်တော့ . . .

ခရစ်တော်မပေါ်ခင်နှစ်ပေါင်း(၂၀၀၀)ခန့်ကတည်းက ခေါင်းလောင်းများကို အရှေ့တိုင်းပြည်ဒေသများတွင် ပျော်စရာကောင်းသောအချိန်၌ အသုံးပြုသကဲ့သို့ ဝမ်းနည်းဖွယ်အချိန်၌လည်း အသုံးပြုကြပါသည်။ အနောက်နိုင်ငံများ၌မူ ခရစ်တော်မွေးဖွားသည်မှစ၍ တိုင်းပြည်အတော်များများတွင် မွေးနေ့တော်အားကြေငြာသောသဘောဖြင့် အသုံးပြုကြပါ၏။စပိန်ပြည်၌အစပြုပြီး ဒီဇင်ဘာ(၂၄)ရက်၊ ညသန်းခေါင်အချိန်၌ ခရစ်တော်မွေးဖွားကြောင်းကို အများပြည်သူများသိရှိ၊ သတိရစေဖို့ကြေငြာသောအနေနှင့် ခေါင်းလောင်းထိုးခြင်းကိုပြုပါသည်။ (၄)ရာစုနှစ်၌ ဘုရင်ကွန်စတင်တိုင်းကိုယ်တိုင် ယေရုရှလင်မြို့နှင့်(၆)မိုင်ကွာ ဗက်လင်မြို့တွင် မြင့်မားသောခေါင်းလောင်းစင်ကြီးတစ်ဆောင်ကို ဆောက်စေကာ နှစ်စဉ်ခရစ်စမတ်စ်အချိန်ရောက်လေတိုင်း ထိုခေါင်းလောင်းကြီးကိုထိုးခဲ့သည်ဟု အဆိုရှိခဲ့ပါ၏။ နောက်ပိုင်းတွင်ဘုရားရှိခိုးကျောင်းများ၌ ခေါင်းလောင်းစင်နှင့်ခေါင်းလောင်းများကို တပ်ဆင်ကာမွေးနေ့တော်ရောက်လေတိုင်း ဥရောပတစ်ခွင်မှာ ခေါင်းလောင်းသံများမြိုင်မြိုင်ဆိုင်ဆိုင်ထိုးကြသည်မှာ သာယာနာပျော်ဖွယ်ကောင်းသကဲ့သို့ ဘုန်းတော်ကိုလည်း ထင်ရှားစေကာ ကမ္ဘာတစ်ခွင်လုံးမှာ ကြည်နူးစရာမွေးနေ့တော်သင်္ကေတဖြစ်လာရပါသည်။ ငယ်စဉ်က ကျွန်တော်တို့မိသားစုအနေနှင့် ခရစ်စမတ်စ်ခေါင်းလောင်းသံကို ညသန်းခေါင်တွင်ကြားလျှင် မိခင်ကကလေးများကိုနိုးကာ"ခရစ်တော်မွေးနေ့ရောက်ပြီ၊ ဘုရားရှိခိုးကြရအောင်" ဟုပြောကာ ဝတ်ပြုကြပါသည်။ ဘုရားရှိခိုးကျောင်းသို့မသွားနိုင်သောသူများသည် ခရစ်စမတ်စ်ခေါင်းလောင်းသံကိုနားခံရင်း အိမ်မှာပင်မွေးနေ့တော်ကို ကြိုဆိုခဲ့သည်ကို သတိရမိပါ၏။

အကြောင်းအမျိုးမျိုးကြောင့် မွေးနေ့တော်ပွဲနှင့်လွဲချော်ရသူများရှိပါသည်။ ဘုရားသခင်သည် မွေးနေ့တော်ပွဲကိုပါဝင်နိုင်ရန် နည်းလမ်းအမျိုးမျိုးကို အသုံးပြုထားပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ခရစ်စမတ်စ်ကိုမမှီဘဲမနေစေချင်ပါ။ အကယ်၍ ဘုရားရှိခိုးကျောင်းနှင့်ဝေးကွာနေခဲ့လျှင်တောင်မှ ခရစ်စမတ်စ်ခေါင်းလောင်းသံကိုကြားရလျှင် နောင်တဖြင့် သခင်ယေရှုထံသွားနိုင်ဖို့ ဘုရားရှင်အခွင့်ပေးထားကြောင်း ဆင်ခြင်ကြပါစို့။

**ဒီဇင်ဘာလ(၁၁)ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

ကြည်ညိုသောစိတ်သဘောရှိ၍ ထာဝရဘုရားအား ပူဇော်သောကြောင့် ဝမ်းမြောက်ကြ၏။ (၁ရာ၊ ၂၉း၉)

## "ရွှေ..."

**ကျွန်တော့်မိတ်ဆွေတစ်ယောက်၏အမည်မှာ ဦးလှကြည်ဖြစ်ပါသည်။ ဟသ်ာတမြို့မှာနေ၍ နှုတ်ကပတ်အလင်းစာပေကို ထူထောင်ကာ ညစဉ်ခွန်အားကိုလည်း ဖြန့်ဝေပေးသူ အမှုတော်ဆောင်သူဖြစ်ပါ၏။ အသက်အရွယ်က (၇၀) ကျော်ပါပြီ။ သို့သော်ဇဝ်ကလီအမှုမှာ စိတ်အားကြီးသောသူဖြစ်ဆဲရှိပါသည်။ သူ၌အလွန်လှပသော ဇနီးသည်ဒေါ်လှရွှေရှိပါသည်။ တကယ်တော့ဦးလှကြည်သည် အသားမည်းနက်၍ ရုပ်ရည်လည်း လှပသူမဟုတ်ပါ။ ပြီးတော့ စိတ်ဆန္ဒရှိရာကို လုပ်သောသူလည်းဖြစ်ပါ၏။ ထို့ကြောင့် အလွန်လှပသောဇနီးကို ဘယ်လိုများရအောင် ပိုးပန်းခဲ့ပါသလဲဟု မေးကြည့်တော့. . .**

**အဲဒီတုံးကခရစ်စမတ်လေဗျာ။ ရွှေက. . . သီချင်းဆိုတယ်ဗျ။ ကွာယာတွေဘာတွေမှာ ပါဝင်ခဲ့တာပေါ့။ ကျွန်တော်က အကော်ဒီယံတီးတယ်။ ကျွန်တော်တို့ ကယ်ရယ်သီချင်းတွေ ဘာတွေ ဆိုကြတယ်လေ။ အဲဒီမှာစတွေ့တာပဲ. . . ဟု တဟဲဟဲရယ်ရင်းပြောပြပါသည်။ သူတို့ဇာတ်လမ်းကလေးက စိတ်ကူးယဉ်စရာဖြစ်သလို မြဲမြံသော ချစ်ခြင်းသည် နှစ်ပေါင်းများစွာလွန်သည်အထိ တည်တံ့ခဲ့ပါသည်။ ကျွန်တော် ဟသ်ာတရောက်တော့ သူတို့နှင့်တွေ့ဆုံကာ ထမင်းစားခဲ့ပါသေးသည်။ ဦးလှကြည်ကသူ့ဇနီးကို'ရွှေ'ဟု တင်စားခဲ့တာကို သတိရရင်း ကျမ်းစာထဲမှ ရွှေအကြောင်းကိုတွေးမိပါသည်။ စင်စစ် ဣသရေလ ရာဇဝင်စတင်ကတည်းက ရွှေသည်ထင်ရှား၍ တန်ဖိုးထားအပ်သော အရာ ဖြစ်ကြောင်း နားလည်ရပါသည်။ ကျမ်းစာ၌. . .**

**မိဒျန်ပြည်မှ သိမ်းယူသောရွှေ၊ ယေရိခေါမြို့မှ သိမ်းယူသော ရွှေအကြောင်းကို ဖတ်ရသည့်နည်းတူ၊ ရှောလမုန်မင်းကြီးလက်ထက်မှာ ရွှေများအပေါဆုံးကာလဟုဆိုပါသည်။ ဟဝိလပြည်၊ ရှေဘပြည်တို့မှာ ရွှေထွက်ကောင်းသည်ဟုသိရပါ၏။ မာဂုပညာရှိများက. . . ဖွားမြင်တော်မူသောသခင်ယေရှုကို ရွှေဖြင့်ပူဇော်ဆက်သကြောင်း ကျမ်းစာက ဖော်ပြပါသည်။ ရွှေသည် အဖိုးတန်၍ရှားပါးသော သတ္တုဖြစ်ပါ၏။ သခင်ယေရှုကို ရွှေဖြင့် ဆက်သသော မာဂုပညာရှိတို့၏ ရွှေးချယ်မှုကို အကြောင်းပြု၍ ဤလောက၌ ရွှေထက်မြက်သော၊ တန်ဖိုးကြီးသောအရာမရှိဟု နားလည်နိုင်ပါသည်။ ခရစ်စမတ်ကာလ ရောက်သောအခါကိုယ်တော်ကိုပူဇော်ရန် ကျွန်တော်တို့က ဘာများပြင်ဆင်ထားပါသနည်း။ ကျွန်တော်တို့အသက်တာတွင် ရွှေကဲ့သို့အဖိုးတန်သောအရာ၊ လက်ဆောင်ဖြင့် ကိုယ်တော်ကို ပူဇော်ရန်အတွက် တိုက်တွန်းလိုပါသည်။ ပြန်စဉ်းစားကြည့်လျှင် တစ်နှစ်တာ ကာလတွင် ရွှေကဲ့သို့ ကျွန်တော်တို့တန်ဖိုးထားခဲ့သောအရာများကို၊ ကိုယ့်အတွက်သာ သုံးစွဲမြုတ်နှံခဲ့ကြပါ၏။ မွေးနေ့တော်ကာလသို့ရောက်၍ ကိုယ်တော်ကိုပူဇော်ရန်အချိန် အခါသို့ရောက်ပါပြီ။ တစ်နှစ်တွင်တစ်လ၊ တစ်လတွင်မျှတစ်ကြိမ်သာ ဖွားမြင်ခဲ့သော ကိုယ်တော်အား ရွှေလက်ဆောင်တစ်မျိုးမျိုး ပေးလှူဆက်ကပ်လျှင်. . . ကိုယ်တော်ရှင် ပျော်ရွှင်မည်ဟု. . . အောင်မေ့မိပါ၏။**



**ဒီဇင်ဘာလ (၁၂) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

သင်တို့သည် ကြည်ညိုနားထောင်လျှင်၊ မြေအသီးအနှံကို စားရလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၁း၁၉)

## "လော်ဗန်..."

အစပထမတုံးကတော့ လော်ဗန်အမှုန့်များကိုဝယ်၍ ပြဇာတ်အတွက်သုံးခဲ့ဖူးပါသည်။ ပြဇာတ်ထဲမှာ မီးခိုးတွေအူအောင်ထွက်ချင်လျှင် လော်ဗန်မှုန့်ကိုမီးဖိုထဲထည့်လိုက်တာပါပဲ။ နောက်ပိုင်းမှာတော့ ဗီဒီယိုတွေထဲမှာ၊ သီချင်းဆိုခန်းများမှာ လော်ဗန်မှုန့်ကို မီးခိုးရအောင် မီးထည့်ခဲ့ဖူးပါ၏။ တစ်နေ့တွင်ဘုရားရှိခိုးကျောင်းတစ်ခုမှာ နံ့သာပေါင်းကိုပူဇော်ရာ၊ မီးခိုးအူနေသဖြင့်၊ ဘာထည့်ထားတာလဲဟုမေးကြည့်လျှင် လော်ဗန်ဟု ဆရာကဖြေပါသည်။ အဲဒီတော့မှ ကျမ်းစာထဲကလော်ဗန်ဆိုတာ. . . ဒါပဲပါလားဟု သိခဲ့ရပါသည်။ စင်စစ်. . . လော်ဗန်သည် ကျွန်တော်တို့နှင့်ဝေးကွာလှသော အာရပ်ပြည်မှလာသတဲ့။ လော်ဗန်သည် မွှေးကြိုင်သောအစေးတစ်မျိုးဟု ဆရာကပြောပြပါသည်။ ထင်းရှူးပင်(သပိတ်ပင်)မျိုးနွယ်ဝင်ဖြစ်သော လော်ဗန်အပင်ရှိပါသည်။ ထိုအပင်မှယိုစီးလာသော အစေးကိုခံ၍ နံ့သာမျိုး ဖြစ်အောင် လုပ်ဆောင်အသုံးပြုကြပါ၏။ မူရင်းဒေသ အာရပ်ပြည်မှ ပါလာတိနပြည်သို့ ကုန်သည်များ ယူဆောင်လာခဲ့ကြောင်း ဟေရှာယအနာဂတ္တိကျမ်း၌ တွေ့ရပါသည်။ အဓိကအားဖြင့် နံ့သာပေါင်းပြုလုပ်ရာမှာ အသုံးဝင်၍မုရန်နှင့် တွဲဖက်အသုံးပြုလေ့ ထားလေ့ရှိပါ၏။ ဘုရားသခင်ကို ပူဇော်ခြင်း၊ ဝတ်ပြုခြင်း၌နံ့သာပေါင်းကို မီးရှို့သော ဓမ္မဟောင်းကာလ၌ လော်ဗန်သည်အဓိကပူဇော်သက္ကာ ဖြစ်ခဲ့ပါသည်။

လော်ဗန်. . . ကို မာဂုပညာရှိများသည် မွေးဖွားတော်မူသော သခင်ယေရှုအတွက် ယူဆောင်လာ၍ ဆက်သကြပါသည်။ ထာဝရဘုရားသခင်နှင့် သက်ဆိုင်သော အမွှေးနံ့သာကို မာဂုပညာရှိတို့ ယူဆောင်လာသည်ကိုထောက်၍ သူတို့သည် သူငယ်တော်နှင့် ပတ်သတ်၍ အလေးအနက်ထားခဲ့ကြောင်းကို နားလည်နိုင်ပါသည်။ မွေးဖွားလာသည့် ဘုရင်အသစ်သည် သာမန်ဘုရင်တစ်ပါးမဟုတ်။ မြင့်မြတ်၍ လောကီနိုင်ငံအရပ်ရပ်ကို သိမ်းပိုက်နိုင်မည့် ဧကရာဇ်ဘုရင်တစ်ပါးဟု သေသေချာချာခန့်မှန်းထား၍သာ လော်ဗန်ကဲ့သို့ အထက်အရပ်နှင့်သက်ဆိုင်သော ပူဇော်သက္ကာကိုဆက်သခဲ့ခြင်းဖြစ်ပါသည်။

ခရစ်စမတ်အချိန်သို့ တစ်ဖန်ရောက်လို့လာပြန်ပါပြီ။ ရွှေ၊ မုရန်တို့နည်းတူ အဖိုးတန်သော လော်ဗန်အကြောင်းကိုကြားခဲ့ရပြန်ပါပြီ။ မာဂုပညာရှိတို့ကဲ့သို့ ကျွန်တော်တို့သည် မွေးဖွားတော်မူသည့် သခင်ယေရှုကို အဘယ်အရာနှင့်ပူဇော်မည်ဟု ပြင်ဆင်ထားပါသလဲ။ အကောင်းဆုံးအရာ၊ အမြင့်မြတ်ဆုံးအရာနှင့်သာ ထိုက်တန်သော ဘုရင်တစ်ပါးကို ဘယ်လို ကြိုဆိုကြမလဲ။ သာမန်လူဖြစ်သော်လည်း ပေးနိုင်သောတစ်ခုခုတော့ရှိပါ၏။ ကျမ်းစာ၌ မြေ၏အသီးအနှံကိုစားရရန် ကြည်ညို၊ နားထောင်ခြင်း လိုအပ်သည်ဟု လာပါသည်။ သခင်ကိုကြည်ညိုလျှင် ယနေ့တွင် ဘဝ၏နံ့သာမျိုးဖြင့် ကြိုဆိုကြပါစို့။

ဒီဇင်ဘာလ(၁၃) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)

မယ်တော်မာရိနှင့်တကွ သူငယ်တော်ကိုတွေ့မြင်လျှင် ပျပ်ဝပ်ကိုးကွယ်၍၊ မိမိတို့ ဘဏ္ဍာဥစ္စာကိုဖွင့်ပြီးမှ လော်ဗန်နှင့်မုရန်တည်းဟူသော နံ့သာမျိုးကိုငင်း၊ ရွှေကိုငင်း ဆက်ကပ်ပူဇော်ကြ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၂း၁၁)

## "မုရန်..."

ကျွန်တော့်ဘဝမှာမုရန်နှစ်ယောက်နှင့် တွေ့ဆုံခင်မင်ခဲ့ပါသည်။ ပထမတစ်ယောက်ကတော့ ငယ်စဉ်ကပင်ခင်မင်သော သူငယ်ချင်းဖြစ်လျက်၊ အရွယ်ရောက်သောအခါ အတူတကွ နှစ်ခြင်းမင်္ဂလာခံယူသောသူ ဖြစ်ပါသည်။ မုရန်သည် သွက်လက်သောသူဖြစ်၍ ဘဝကိုအောင်မြင်အောင် တည်ဆောက်နိုင်ခဲ့ပါ၏။ သူမသည်. . . သူတစ်ပါးကို ခွင့်လွှတ်နိုင်သူဖြစ်ကာ၊ ဝေဖန်မှုအားလုံးကို မျက်ကွယ်ပြုနိုင်သော သည်းခံခြင်းအကြောင်းကို သူမထံမှ ကျွန်တော်သင်ယူခဲ့ရပါသည်။ သဘောကောင်းတယ်. . . ဟူသော မွှေးပျံ့သည့်ဝိသေသနကို ဘယ်ကာလရောက်ရောက် ထိန်းသိမ်းနိုင်သူဖြစ်ပါသည်။

နောက်တစ်ယောက်ကတော့ သူငယ်ချင်းမုန့်ကျွတ်၏သမီးဖြစ်ပါသည်။ သည်မုရန်ကတော့ ခေတ်လူငယ်ဖြစ်ကာတော်အောင်တတ်အောင် အစဉ်အပြတ်ကြိုးစား၍ အသက်တာကို တည်ဆောက်နေသူဖြစ်ပါသည်။ သူမသည်ငယ်ရွယ်သော်လည်း အချိန်အအားမနေ၊ အမြဲတန်းပင် တစ်စုံတစ်ရာကိုသင်ယူလျက် ခေတ်ကာလကိုမှီအောင်လိုက်နေသူဖြစ်သည်ကိုတွေ့ရလျှင် သူမကဲ့သို့ကြိုးစားသင်ယူဖို့ သတိရမိပါသည်။ သူမကိုအားလည်းကျသဖြင့် ခေတ်နောက်မှာမကျန်ရအောင် ကြိုးစားခဲ့ဖူးပါသည်။ သိတ်တော်တာပဲ၊ သိတ်ကြိုးစားတယ်. . . ဟူသော မွှေးပျံ့သည့်ဝိသေသနကို အမြဲထိန်းသိမ်းသောမုရန်ထံသင်ယူခွင့်ရခဲ့တာလည်း အဖိုးကြီးတစ်ယောက်အတွက်ကျေးဇူးတော်ပါပဲ။

မုရန်. . . နှင့်သက်ဆိုင်သောအကြောင်းများကို ကျမ်းစာထဲတွင်တွေ့ရပါသည်။ Myrrh (မုရန်စေး)သည် ဗိမာန်တော်အတွက် လိမ်းရန်ဆီကိုဖော်စပ်ရာ၌ အဓိကပါဝင်ပါသည်။ (ထွက်၊ ၃၀း၂၃) မာဂုပညာရှိတို့က သခင်ယေရှုမွေးဖွားခါစ အချိန်တွင် ထိုလိမ်းဆီကိုဆက်သကြပါ၏။ လက်ဝါးကပ်တိုင်ပေါ်တွင် ကိုယ်တော်အားစပျစ်ရည်နှင့် မုရန်ဆီကိုစပ်၍ ဆက်သသောအခါ၌ ကိုယ်တော်ငြင်းပယ်ခဲ့ပါသည်။ ကိုယ်တော်၏ အလောင်းကိုပြင်ဆင်သောအခါ၌ ထည့်သောအမွှေးတို့တွင် မုရန်စေးပါ၏။ စင်စစ် မုရန်စေးမှာ သစ်ပင်တစ်မျိုး၏ အခေါက်ကိုဓားနှင့်ထစ်၍ ကျလာသောအစေးကို ခံယူခြင်းမှရရှိပါသည်။ အလွန်ခက်ခဲစွာစုဆောင်းရသဖြင့် တန်ဖိုးကြီးလေသည်။ နံ့သာမျိုးဟုဆိုသဖြင့် မွှေးပျံ့သောရနံ့နှင့် ပူဇော်သက္ကာပစ္စည်းအဖြစ် ထင်ရှားပါ၏။ မာဂုပညာရှိတို့သည် ဘုရင်အသစ်ကိုပူဇော်ဖို့ရန် အတန်ကြာစဉ်းစားဆင်ခြင်ပြီးမှ မုရန်ကိုရွေးချယ်ခဲ့သည်ကိုထောက်လျှင် မုရန်၌ထူးခြားသောအရည်အသွေးရှိ၍ ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့အသက်တာမှာ မုရန်ကဲ့သို့ ရှားပါး၍ကောင်းမွန်သော အရည်အသွေးများဖြင့် သခင်ယေရှုကိုပူဇော်ဖို့ရန် လိုအပ်ပါသည်။ မုရန်ကဲ့သို့ မွှေးပျံ့သောရနံ့တစ်ခုကို ယူဆောင်လာနိုင်ခဲ့လျှင် မွေးနေ့တော်မှာကိုယ်တော်ပျော်ရွှင်နိုင်မည်ဟု စဉ်းစားမိပါ၏။



ဒီဇင်ဘာလ (၁၄) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)

အလျင်အမြန်သွား၍ မာရိနှင့်ယောသပ်ကိုငင်း၊ နွားအခွက်၌ထားလျက်ရှိသော သူငယ်ကိုငင်း တွေ့ကြ၏။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၂း၁၆)

## "ဝတ်စုံသစ်..."

တစ်ခါတုံးက လူငယ်လေးတစ်ယောက်ရှိပါ၏။ သူကတနယ်တကျေးကလာပြီး အလုပ်ရှာရင်းမြို့တော်ဝန် တစ်ယောက်ဆီမှာ တောက်တိုမယ်ရအလုပ်ကလေး ရသွားသတဲ့။ တစ်နေ့တော့ မြို့ကလေးရဲ့ဘုရားရှိခိုးကျောင်းမှာ ခရစ်စမတ်စ်ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်မှာပါဝင်ဖို့ရန် သူ့ကိုဖိတ်ခေါ်ထားတာရှိ၍ ကျောင်းဖက်ကိုလမ်းလျှောက် သွားစဉ်မှာပဲ မြို့တော်ဝန်က. . . 'ဟေ့သူငယ်၊ ဘယ်သွားမလို့လဲ'ဟု မေးပါသတဲ့။

ကျွန်တော်ခရစ်စမတ်စ်ပွဲသွားမလို့ပါ။ အဲဒီမှာ သီချင်းတစ်ပုဒ်ဆိုဖို့ အခွင့်ရပါတယ်. . ဟု ပြန်ဖြေပါ၏။ မြို့တော်ဝန်က၊ မင်းနှယ့်ကွာ၊ ခရစ်စမတ်စ်ပွဲကိုသွားမယ်ဆိုရင် အဝတ်အစားကောင်းကောင်းမွန်မွန် ဝတ်သွားဖို့တော့ကောင်းတာပေါ့. . . ဟု ပြန်ပြောပါ၏။ သူငယ်လေးဝတ်ထားသော အဝတ်အစားတွေက အဟောင်းဆိုင်မှ ဝယ်လာခြင်းဖြစ်ပြီး အနားများဖွာလျက်နေပါသည်။ အရောင်အသွေးလည်း တောက်တောက်ပပမရှိတော့ပါ။ မတော်မတည့်ဖြစ်နေ၍ ကြည့်ရတာသပ်သပ်ရပ်ရပ်မရှိပါ။ သို့သော်သူ့ခမျာ ဒါပဲဝယ်နိုင်သည်လေ။ သူငယ်လေးက. . .

ကျွန်တော့်မှာငွေမလုံလောက်လို့ပါ. . . ဟု ရှက်ရှက်နှင့်ပြောလျှင် မြို့တော်ဝန်သည် သူ့ကိုခေါ်၍ မင်းကိုဒီမြို့မှာအကောင်းဆုံးဝတ်စုံတစ်စုံ ငါလက်ဆောင်ပေးမယ်ဟုပြော၍ စက်ချုပ်သမားဆီကို ချက်ချင်းခေါ်သွားပါသည်။ စက်ချုပ်သမားကရှိမနေပါ။ ဆိုင်တံခါးပိတ်ထား၍ လျှောက်လည်နေပါ၏။ မြို့တော်ဝန်ကရဲသားကိုခေါ်ကာ စက်ချုပ်သမားကိုရှာစေပါသတဲ့။ မြို့တော်ဝန်ကခေါ်တော့လည်း စက်ချုပ်သမားခမျာမနေသာ၊ လိုက်လာခဲ့ရပါ၏။ ပြီးလျှင်ချက်ချင်းပင်. . . သူငယ်အတွက်ဝတ်စုံသစ်ကို ချုပ်ပေးခဲ့ရပါသည်။ ဝတ်စုံသစ်ကိုရသော သူငယ်သည် ထိုည၌လူပုံအလယ်တွင် ခရစ်စမတ်စ်သီချင်းတစ်ပုဒ်ကို တင့်တင့်တယ်တယ် သီဆိုချီးမွမ်းခဲ့ပါသည်။

တော်တော်ကြာပါပြီ။ သည်အဖြစ်အပျက်က နှစ်ပေါင်းများစွာလွန်သွားခဲ့သော်လည်း သူငယ်ကလေးသည် မမေ့နိုင်ခဲ့ပါ။ သူငယ်ကလေးသည် အဖိုးအိုဖြစ်လာသည့်တိုင် သူ့သားသမီးနှင့်မြေးများကို ခရစ်စမတ်စ်ရောက်လေတိုင်း 'ဝတ်စုံသစ်' အကြောင်းကိုပြန်ပြောပြပါသည်။ မြို့တော်ဝန်အတွက် နေ့စဉ်ဆုတောင်းပေးလျက်ရှိပါသည်။ စင်စစ်. . . ဝတ်စုံသစ်သည် မြို့တော်ဝန်အတွက် ဘာမှဝန်လေးစရာမဟုတ်သော်လည်း၊ သူငယ်တစ်ယောက်အတွက်တော့ အဖိုးမဖြတ်နိုင်၊ မမေ့နိုင်သော လက်ဆောင်ဖြစ်ရုံမက၊ တသသဖြစ်ခဲ့ရပါသည်။ ဤကဲ့သို့သော ခရစ်စမတ်လက်ဆောင်မျိုး ကျွန်တော်တို့ရခွင့်ကြုံဖူးပါလိမ့်မည်။ ကိုယ်တော်သည် ကယ်တင်ခြင်းဝတ်စုံသစ်ကို ယခုလိုဆောင်းညမှာ ပေးအပ်ခဲ့ပါသည်။ တသသဖြစ်စရာလက်ဆောင်တစ်ခုအကြောင်း တကမ္ဘာလုံးက ပြုံးရွှင်ကြည်နူးစွာ လက်ခံရယူနေကြပါသည်။ ကျွန်တော်တို့အတွက် နှစ်စဉ်နှစ်တိုင်းရယူခွင့်ကြုံပါလျက် မရသေးလျှင် ယခုပင်ရယူပါ။ ရခဲ့လျှင် ထိုဝတ်စုံကိုမြဲမြဲစွာဝတ်လျက် ကျေးဇူးတော်ကိုချီးမွမ်းပါ မိတ်ဆွေ။ ဟာလေလုယ။

**ဒီဇင်ဘာလ(၁၅) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ပြော၍မကုန်နိုင်သော ဘုရားသခင်၏ကျေးဇူးတော်ကိုအောက်မေ့၍ ချီးမွမ်းခြင်းရှိစေသတည်း။ (ကောရိန္သုဩဝါဒစာဒုတိယစောင်၊ ၉း၁၅)

## “ချီးမွမ်းသောအခါ...”

**ဆရာတစ်ပါးကဟောပြောသောဒေသနာကို ကြားရခဲ့ဖူးပါသည်။ အလွန်နားဝင်ဆိုးပါသည်။ မြန်မာဘာသာကိုရေရေလည်လည် မပြောတတ်၍လည်း ဖြစ်နိုင်ပါသည်။ သူပြောတာက. . . ငါတို့ဘုရားသခင်က အမြောက်ကြိုက်တယ်။ ချီးမွမ်းခြင်းကိုလိုလားတယ်။ ဒါကြောင့်ငါတို့ချီးမွမ်းကြစို့. . . ဟူ၍ဖြစ်ပါ၏။ သို့သော်ဆရာသည် ကိုယ်တိုင်လည်း ဂုဏ်တော်ချီးမွမ်းကာအားပါးတရ အမှုတော်ဆောင်သည်ကို မြင်ရသောအခါ. . . စကားလုံးများကြောင့် မအီမသာဖြစ်ရသမျှပျောက်ကွယ်သွားပါသည်။**

**တစ်ခါကလည်းသူငယ်ချင်းတစ်ယောက်သည် အထက်အညာမှလာသော မိန်းကလေးကိုနှစ်သက်ခုံမက်၍ ချစ်ကြောင်းခင်ကြောင်းစာရေးပေးရန် အကူအညီတောင်းပါသည်။ စာရေးရန်ဝါသနာပါသော ကျွန်တော်က ပိန်ပိန်သေးသေးမိန်းကလေးကို မန်ကျည်းသီးနှင့်တူသည်ဟု ဖွဲ့နွဲ့ကာစာရေးပေးပါ၏။ ထိုစာကိုပေးသောအခါ သူငယ်ချင်းသည် ချစ်သူမရပဲလက်ဝါးဒဏ်သင့်သွားပါ၏။ အမြောက်မတတ်၍ ချောက်ကျအောင်လုပ်သလို ဖြစ်သော်လည်း စိတ်ထားအမှန်ကတော့. . . အညာသူကိုချီးမွမ်းချင်တာပါ။**

**ချီးမွမ်းလိုသောစိတ်ရင်းအမှန်ရှိသော်လည်း အဆင်ပြေပြေချီးမွမ်းတတ်ဖို့လည်း လိုအပ်ပါသည်။ ခရစ်စမတ်စ်ကာလတွင် ကိုယ်တော်၏မေတ္တာတော်ကို အနည်းနည်းအဖုံဖုံ ချီးမွမ်းကြပါ၏။ အချို့သောသူများ၏ ချီးမွမ်းခြင်းကား နှစ်သက်ဖွယ်ဖြစ်သော်လည်း အချို့သောချီးမွမ်းခြင်းကား နားလည်ပေး ရန်ခက်ခဲပါသည်။ လွန်ခဲ့သောငါးနှစ်က ခရစ်စမတ်စ်လေဟာပြင် တရားဟောပွဲတစ်ခု ကျင်းပခဲ့ကြပါသည်။ တရားနာပရိတ်သတ်အတွက် တေးသံရှင်အချို့ကိုငှားရမ်း၍ စင်ပေါ်တတ်စေခဲ့ပါသည်။ သူတို့တတွေလည်း စင်စစ်ဂုဏ်တော်ချီးမွမ်းရန် ဆန္ဒရှိသော်လည်း စင်ပေါ်ရောက်သွားသောအခါ ပရိတ်သတ်ဖိအားပေးသဖြင့် စတိတ်ရှိုးဖြစ်သွားရာ၊ တရားဟောမည့်ဆရာခမျာ အတော်လေးမျက်နှာငယ်သွားပါသည်။ ပရိသတ်ကလည်းဆူညံ၊ တေးသံရှင်ကလည်းစိတ်လွတ်ကိုယ်လွတ်၊ တေးဂီတဝိုင်းကလည်း စိတ်ပါသွားရာ နဂိုမူလကရည်ရွယ်ထားသော ဂုဏ်တော်ချီးမွမ်းခြင်း၊ ဒေသနာဟောကြားခြင်းသည် ဖျော်ဖြေပွဲတစ်ခုအဖြစ် ဆိုက်ရောက်သွားခဲ့ဖူးပါသည်။ စင်စစ်. . . ဤအချိန်ဤကာလတွင် ရွှင်လန်းစွာဂုဏ်တော်ချီးမွမ်းရန် ဖြစ်သော်လည်း၊ အမှုအရာမှန်သမျှသည် သခင်ယေရှုသို့ဦးတည်ကြောင်းကို သတိပြုရပါမည်။ သခင်ယေရှု၏ မွေးနေ့မင်္ဂလာ အချိန်အခါတွင် ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းခြင်း၊ မေတ္တာတော်ကိုနားလည်သိမှတ်၍ ချီးမွမ်းခြင်းကိုသာပြုကြရပါမည်။ ချီးမွမ်းရန်စိတ်ဆန္ဒအမှန်ကောင်းသော်လည်း စိတ်လှုပ်ရှားလျက် ဘုရားရှင်ကိုမချီးမွမ်းမိပဲ ပျော်ပွဲရွှင်ပွဲသက်သက်သီဆိုခြင်းကိုဖြင့်** ဤအချိန်၌ ရှောင်ရှားဖို့ရန်အတွက် သတိပြုကြပါစို့။



**ဒီဇင်ဘာလ (၁၆) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

ကောင်းကင်ဘဝဂ်ဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အားမေတ္တာဂရုဏာရှိစေသတည်း. . . (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၇း၁၄)

## “မြေကြီးပေါ်၌...”

ကိုသာဖြူကျမ်းစာသင်ကျောင်း(ပုသိမ်)သို့ရောက်လျှင် ဝမ်းသာကြည်နူးစွာခံစားရပါသည်။ ဓမ္မပညာကို လူငယ်များစွာတို့ကတက်ကြွစွာ သင်ယူနေပါသည်။ ဆရာသမားများကလည်းကြိုးစားကြ၍ ညီညွတ်ပျော်ရွှင်သောသူတို့၏စိတ်သဘောကို လေးစားခင်မင်ခဲ့ပါသည်။

စာပေဟောပြောပွဲမတိုင်မီတစ်ညတွင် သူတို့ကလာ၍စကားဝိုင်းဖွဲ့ဧည့်ခံခဲ့ပါသည်။ ညခုနှစ်နာရီထိုးလျှင် ဆရာသန့်အောင်ကတိုးတိုးတိတ်တိတ် နှုတ်မဆက်ပဲပြန်သွားပါ၏။ နှုတ်ဆက်လျှင်ကျွန်တော်ဆွဲထားမှာ စိုးရိမ်၍ဖြစ်ပါသည်။ အစောကြီးရှိသေးတယ်၊ ပြန်သွားရသလား။ တစ်ခါတလေပဲတွေ့ရတာဟု အောက်မေ့စဉ်ဆရာပူတိုကဝင်၍ ရှင်းပြပါသည်။ အိမ်ကိုစောစောမပြန်ရင်ဘယ်ဖြစ်မလဲ။ ကျွန်တော်တို့က ဟိုတုန်းကလိုမဟုတ်ဘူးလေ။ ယောကျ်ားလေးဆိုတာလက်မထပ်ခင် ခြင်္သေ့ပဲဗျ။ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်ပေါ့နော်။ လက်ထပ်ပြီးတော့ကြွက်ဖြစ်သွားတယ်ဗျာ။ အံ့ဩပဲ။ အထူးသဖြင့်ကျွန်တော်ပေါ့ဗျာ၊ ဟုပြောရင်းသူလည်းပြန်သွားပါ၏။ စင်စစ်. . . ကျမ်းစာကျောင်းမှာ စာသင်သောဆရာတို့သည် အလွန်ဝင်ငွေနည်းပါ၏။ (ကျောင်းအချို့တွင်လစာ-နှစ်ထောင်ပဲရပါသည်။) အလှူငွေများမရတတ်ကြပါ။ အသင်းတော်ကို ဦးဆောင်မည့်သူများကို သွန်သင်ရသောခားသွေးကျောက်များဖြစ်သောကြောင့် သူတို့ခမျာ အိမ်ထောင်ကိုချစ်ခြင်းမေတ္တာမှ တစ်ပါးအခြားမပေးနိုင်ကြပါ။ ဆရာကတော်များကနားလည်ပေး၍သာ ငြိမ်သက်ခြင်းရ၍ စင်စစ်ဆရာကတော် များမှာ ဆင်းရဲပင်ပန်းစွာရုန်းကန်ရပြီး ပါရမီဖြည့်ပေးနေရပါသည်။ စင်စစ်. . . ဆရာတို့ သည် ကြွက်မဟုတ်ပါ။ ခြင်္သေ့လည်းမဟုတ်ပါ။ အိမ်ထောင်မှာငြိမ်သက်ခြင်းကို တည်ထောင် နိုင်သူများသာဖြစ်ပါ၏။

ခရစ်စမတ်စ်ရောက်လျှင် ‘မြေကြီးပေါ်၌ငြိမ်သက်ခြင်း’ဟု ကောင်းကင်တမန်က၊ တဖန်သတိပေးပါဦးမည်။ Peace on Earth ဟုဆိုသဖြင့် မြေကြီးဆိုတာဘယ်မှာလဲ၊ ကျွန်တော်တို့နင်းထားတဲ့နေရာ၊ ကျွန်တော်တို့၏အိမ်ထောင်သည် ကျွန်တော်တို့၏မြေကြီးသာဖြစ်ကြောင်း ဆင်ခြင်ကြပါစို့။ အဝေးအနီးကြီးကြီးကျယ်ကျယ် မတွေးခေါ်ခင်၊ ကျွန်တော်တို့မြေကြီးမှာပင် ငြိမ်သက်ခြင်းရှိစေဖို့ ကောင်းကင်တမန်က ဆုတောင်းပေးနေပါသည်။ အိမ်ထောင်များမှာ ငြိမ်သက်ခြင်းရှိမှတိုင်းနိုင်ငံ ငြိမ်သက်ခြင်းရှိ၍ ကမ္ဘာတစ်ဝှမ်းမှာ သာယာမည်ဖြစ်ပါ၏။ မူလအစငြိမ်သက်ခြင်းကို ကျွန်တော်တို့၏မြေကြီးဖြစ်သော အိမ်ထောင်မှာဦးစွာတည်ဆောက်ကြပါစို့။ ကျွန်တော်တို့တစ်ယောက်စီ၊ အိမ်သူအိမ်သားများ အချင်းချင်းနားလည်မှု၊ ကူညီဖေးမမှု၊ ချစ်ခြင်းမေတ္တာများဖြင့်သာ ငြိမ်သက်ခြင်းကိုသိုလှောင်ဖို့သာဖြစ်ပါ၏။

ဒီဇင်ဘာလ(၁၇) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)

အို. . . ဗက်လင်မြို့။ အစိုးရသော ယုဒမြို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း ဣသရေကုလအမျိုးကို အုပ်စိုးရသောသခင်သည် ငါ့အဘို့ သင်၏ အထဲမှ ပေါ်ထွန်းလတ္တံ့။ (မိက္ခာအနာဂတ္တိကျမ်း၊ ၅း၂)

## “ဗက်လင်မြို့ငယ်...”

**ခရစ်စမတ်စ်အချိန်ရောက်လျှင် သီဆိုနေကြမွေးနေ့တော် ဓမ္မသီချင်းများထဲတွင် ‘ဗက်လင်မြို့ငယ်ကျေး’ လည်း ပါဝင်ပါသည်။ ဤဓမ္မတေးကို ဘိရှော့ဖိလစ်ဘရွတ်က ၁၈၇၄ ခုနှစ်တွင် ရေးစပ်ခဲ့ပါသည်။ သီချင်းဝါသနာကြီးသော ဂိုဏ်းအုပ်ကြီးသည် ငယ်စဉ်ကပင် ဓမ္မသီချင်းများကို အလွတ်ကျက်မှတ်ရာ အပုဒ် (၂၀၀) ကျော်ကို အလွတ်သီဆိုနိုင်သည်။ တရားဟောလျှင် ဓမ္မသီချင်းများကို ထည့်၍ အသုံးပြုပါ၏။ တစ်နေ့တွင်ပြည်ပသို့ စေလွှတ်ခြင်းခံရသည်။ ဒီဇင်ဘာလ၌ သန့်ရှင်းရေးနယ်မြေ (ပါလတိန) သို့ရောက်ရှိနေခိုက်တွင် ခရစ်တော်လျှောက်လှမ်းခဲ့သော ခြေတော်ရာများကို တွေ့ရှိမှတ်သားခဲ့ပြီး ဗက်လင်မြို့သို့ မွေးနေ့တော်ပွဲနေ့တွင် သွားရောက်ခဲ့ပါသည်။ ထိုမြို့ရှိ ခရစ်တော်မွေးဖွားရာနေရာအနီး၌ တည်ဆောက်ထားသော ဘုရားကျောင်းသို့ ရောက်သောအခါအတွင်းသို့ ဝင်ကြည့်ခဲ့၏။ အိုမင်းနေပြီဖြစ်သော ဘုရားခိုးကျောင်းနှင့် သာယာသော သီချင်းသံများကြောင့် သူ၏နှလုံးသားကို တို့ထိခြင်းခံခဲ့ရပါသည်။ ထိုခံစားချက်ကို အမေရိကန်နိုင်ငံသားများ သိရှိခံစားနိုင်ရန် နှစ်နှစ်ခန့်ကြာသောအချိန်တွင် ‘ဗက်လင်မြို့ငယ်ကျေး’ ကို ရေးစပ်သီကုံးခဲ့ပါသည်။ သံစဉ်ကို သူ၏အသင်းတော်မှ စန္ဒယားဆရာရန်ဒါက ထည့်သွင်းခဲ့ပါ၏။**

**စင်စစ်. . . ဗက်လင်မြို့သည် ယေရုရှလင်မြို့တောင်ဘက်(၆)မိုင်ခန့်အကွာတွင် တည်ရှိ၍ ဧဖရတ် (သို့မဟုတ်) ဧဖရတ်သဟူသည့် နာမည်ဟောင်းရှိခဲ့ပါသည်။ ရာခေလ၏ သင်္ချိုင်းရှိသောမြို့၊ ရုသနှင့်ဗောဇတို့နေထိုင်ခဲ့သောမြို့၊ သခင်ယေရှုမွေးဖွားသောမြို့၊ ဟေရုဒ်မင်း၏ ဒေါသကြောင့် နှစ်နှစ်အောက်ကလေးငယ်များစွာ သေခဲ့ရသော မြို့ဖြစ်၍ ယုဒနှင့် ဘာသာရေးသမိုင်းတွင် ထင်ရှားသောမြို့ ဖြစ်ပါသည်။ ယခုအခါ ဗက်လင်မြို့သည် လူဦးရေတစ်သောင်းခန့်ရှိပြီး အတော်အတန်စည်ကားသော မြို့ဖြစ်သော်လည်း ကျမ်းစာလာသည့်အတိုင်း မြို့ငယ်မျှသာရှိဆဲဖြစ်ပါ၏။ သက္ကရာဇ် ၃၃၀ တွင် ဧကရာဇ်စတင်တိုင်းဘုရင်က သခင်ယေရှုမွေးဖွားရာအရပ်ကို သတ်မှတ်၍ တန်ဆောင်းတစ်ခုကို တည်ထောက်ခဲ့ရာ နောက်ဘုရင်များက မွမ်းမံပြုပြင်ပါသည်။ ဗက်လင်မြို့သည် အမှတ်ရစရာများကြောင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားကာ အထူးသဖြင့် ခရစ်စမတ်ကာလတွင် များပြားသော ဘုရားဖူးများနှင့် စည်းကားလျက်ရှိပါသည်။**

**ခရစ်စမတ်ကာလတွင် ဘုရားရှင်သည် သေးငယ်သော နွားစာခွက်၊ အင်အားနည်းသော မြည်း၊ ဆင်းရဲသော သိုးထိန်းများနှင့်တကွ သိမ်ငယ်သောမြို့ဗက်လင်ကို အသုံးပြုခဲ့ပါသည်။ ခရစ်စမတ်ပွဲတော်တွင် ကျွန်တော်တို့သည် မည်မျှပင် အားနည်းသေးငယ်စေကာမူ ဘုရားရှင်လက်ခံသောကြောင့် ပါဝင်ခံစား၍ ထာဝရအသက်ကို မျှော်လင့်စရာ အကြောင်းရှိသည်ကို ဗက်လင်သက်သေအဖြစ် ခွန်အားယူကြပါစို့။**



ဒီဇင်ဘာလ (၁၈) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)

အကျွန်ုပ်သည် စေတနာစိတ်ရှိ၍ကိုယ်နှုတ်နှင့် ဆက်သောပူဇော်သက္ကာတို့ကို နှက်သက်တော်မူပါ။ (ဆာလံကျမ်း၊ ၁၁၉ း ၁၀၈)

## “ခရစ်စမတ်စ်ဖိုးဖိုး...”

**ယခုနှစ်အတွက် ခရစ်စမတ်စ်ဗီစီဒီကလေးတစ်ခုကို လားရှိုမြို့သို့သွား၍ ရိုက်ကူးလာသောအခါ ဆန်တာကလော့လုပ်ပေးဖို့ လူကြီးတယောက်ကို လိုချင်ခဲ့ပါ၏။ ဆရာဂျွန်ကိုပဲ စိတ်ကူးထား၍ အကူအညီတောင်းသောအခါ သူကလုပ်မပေးပဲ အယ်တလယ်အမည်ရှိ ကလေးတစ်ယောက်ကိုခေါ်ပေးပါသည်။ အယ်တလယ်သည် ထူးထူး ခြားခြားပင် ဆန်တာကလော့ပုံမျိုးရှိရုံမက၊ အဝတ်အစားရှိရာ ဝမ်းသာအားရရိုက်ကူးခဲ့ ကြပါ၏။ ရိုက်ကူးရေးကာလတလျှောက် ကျွန်တော်တို့၏ ဆန်တာကလော့ကြောင့် အလွန်ပျော်ခဲ့သလို၊ သူနှင့်ပါဝင်ခဲ့သော ကလေးများလည်း ပျော်ကြပါသည်။ တကယ်တော့ အယ်တလယ်သည် သရုပ်ဆောင်ထားသော ဆန်တာကလော့ မျှသာဖြစ်သော်လည်း ကလေးလူကြီး အားလုံးပျော်ရသဖြင့် အကယ်၍များ ဆန်တာကလော့ (ခရစ်စမတ်စ်ဖိုးဖိုး) အစစ်ကို ကျွန်တော်တို့တွေ့ရလျှင် မည်မျှပို၍ဝမ်းသာကြရမည်ကို တွေးကြည့်မိပါသည်။**

**ခရစ်စမတ်စ်အချိန်ရောက်လျှင် ဆန်တာကလော့သည် မပါမပြီးဇာတ်ကောင်ကြီး တစ်ဦးဖြစ်ခဲ့သော လွန်ခဲ့သည်နှစ်ပေါင်း (၁၆၀၀) လောက်ကဘုန်းတော်ကြီး နီကိုလပ်စ်သည် ဘုရားသခင်ရွေးချယ်၍ သာသနာ့ဘောင်သို့ဝင်ရောက်ခဲ့သူဖြစ်ပါ၏။ ချမ်းသာကြွယ်ဝ၍ လောကအတွက် ပူပန်စရာမရှိသူဖြစ်သော်လည်း ဘုရားသခင်၏ အကြံအစည်တော်အောက်မှာ အသက်ရှင်၍ဂိုဏ်းအုပ်လာရုံမက၊ အံ့ဩဖွယ်နိမိတ် လက္ခဏာကိုလည်း ဖော်ပြနိုင်သည်ဟု. . . ကျော်ကြားခဲ့ပါသည်။**

**ဆန်တာကလော့နှင့် ပတ်သက်၍ အာရှမိုင်းနားဒေသတွင် စားနပ်ရိက္ခာရှားပါးစဉ် သူကဆန်ပေးဝေခဲ့ဖူးရာ၊ သူပေးသောဆန်သည် စား၍မကုန်တိုး၊ တိုးပြီးလာသတဲ့။ အေသင်သို့ပညာသင်သွားမည့် ကျောင်းသားသုံးဦးသည် လူဆိုးတို့၏ သတ်ဖြတ်ခြင်းကိုခံရရာ သူကလက်ဝါးကပ်တိုင် အုပ်မိုး၍ ဆုတောင်းပေးလျှင်၊ အသက်ပြန်ရှင်ခဲ့ရာမှ ကလေးတို့၏ ခေါင်းကိုင်ဖခင်(God Father) အဖြစ်ကျော်ကြားလာခဲ့ပါသည်။ တဖန်လူကြီးလူကောင်း တစ်ယောက်၏ သမီးများကို လက်ထပ်ပေးရန် ခန်းဝင်ပစ္စည်းများကို မပေးနိုင်၍ မင်္ဂလာမဆောင်ရသောဒုက္ခမှ ကူညီခဲ့ရသော ပုံဝတ္ထုမှာလည်း ထင်ရှားခဲ့ပါသည်။ ကြွယ်ဝသောသူ ဖြစ်သောဘုန်းတော်ကြီးနီကိုလပ်စ်သည် အသက်တာတစ်လျှောက်လုံး သူတစ်ပါးကို ကူညီခဲ့သူ၊ ပျော်ရွှင်စေခဲ့သူဖြစ်ပါသည်။ ပစ္စည်းဥစ္စာလိုအပ်သူများကို ပြတင်းပေါက်နားမှာ သွားပေးစဉ်တစ်ခါသော်၊ ရတနာရွှေအိမ်မှာ အခြောက်လှမ်းထားသော ခြေအိတ်ရှည်ကြီးတစ်ခုထဲကျသွားပါသည်။ ထိုအခါမှစ၍ ခရစ်စမတ်ရောက်တိုင်း ကလေးများသည် လက်ဆောင်ရရန် ခြေအိပ်ရှည်ကြီးများကို ညကျလျှင် ကုတင်ခြေရင်း၌ ချိတ်ဆွဲသောဓလေ့ဖြစ်ပါသည်။ ပေးဆပ်ခြင်း၊ ကူညီခြင်း၊ ပျော်ရွှင်စေခြင်းဖြင့် အသက်ရှင်ခဲ့သော ဆန်တာကလော့ (ခရစ်စမတ်စ်ဖိုးဖိုး)၏အမည်နာမနှင့် ခန္ဓာကိုယ်ဝဝသည် ခရစ်စမတ်စ်နှင့်အတူ ထာဝရရှင်သန်နေမည် ဖြစ်ပါသည်။**

**ဒီဇင်ဘာလ(၁၉) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

ကျွန်ခံရာအဲရုတ္တုပြည်မှ သင့်ကိုကယ်နှုတ်ဆောင်ယူခဲ့သော ထာဝရဘုရားကို မမေ့လျော့မည်အကြောင်း၊ ကိုယ့်ကိုယ်ကို သတိပြုလော့၊ (တရားဟောရာကျမ်း ၊ ၆း၁၂)

# "ခွင့်လွှတ်စေချင်သည်..."

လားရှိုးကြီးမှာ ကာသိုလိတ်ဘုရားကျောင်း တစ်ကျောင်းရှိပါသည်။ အလွန်လှပသော တောင်တန်းနောက်ခံရှိ၍ အဝေးပြေးလမ်းမပေါ်ကနေ လှမ်းကြည့်လိုက်လျှင် တကယ့်ကို ကြည်နူးဖွယ်နေရာကလေး ဖြစ်ပါ၏။ပန်းများ၊ထင်းရှူးပင်များ၊လွင်ပြင်များရှိ၍ ငြိမ်သက်အေးချမ်းသော ဒေသကလေးမှာ ဘုရားကျောင်းကြီးက မတ်မတ်ရပ်နေပါ၏။ ဒီနေရာမှာ ရိုက်ကူးကြရအောင်ဟု ဆရာဖွ္ဂန်ကပြောလျှင် ပျော်ရွှင်စွာခုန်ဆင်းကြပါ၏။ ဒီလောက်လှတဲ့နေရာ၊ ဒီလောက်ကြည်နူးဖွယ်ရာ နေရာကလေးမှာ ရိုက်ခွင့်ရတယ်ဆိုတော့ အားလုံးပျော်သွားတာပေါ့။ ဆရာတော်သည် ချောမောခန့်ငြားသော ဥပဓိရုပ်ရှိပြီး စကားပြောလျှင် ချိုသာသောအသံရှိပါသည်။ဇာတ်လိုက်မင်းသားတမျှ လှပသော ဆရာတော်ကို ငေးမောကြည့်ရင်း သာသနာ့ဘောင်မှာ ကျင့်ကြံအားထုတ်လျက်၊ လောကီအလုပ်များကို ငြင်းပယ်နိုင်ခြင်းကို အံ့ဩမိပါ၏။မင်းသမီး၊ မင်းသားကလေးများ၏ မိခင်များက ဆရာတော့်အကြောင်းကို ပြောပြပါသည်။

စင်စစ်. . . ဆရာတော်သည် လောကီအလုပ်များတွင် အောင်မြင်နိုင်သူ ဖြစ်သော်လည်း အမှုတော်ဆောင်ရန် ရွေးချယ်လျက်အားလုံးကို စွန့်လွှတ်ခဲ့ကြောင်း သိရပါသည်။ ကျွန်တော်သာ သူ့နေရာမှာဆိုလျှင်တော့ သာသနာ့ဘောင်မှာ နေနိုင်ဖို့ အတော်ခက်ခဲပါလိမ့်မည်။ တည်းအိမ်သို့ပြန်ရောက်လျှင်၊ ကိုဇော်မြင့်နှင့် ဆရာတော် အကြောင်းကိုဆက်၍ပြောဖြစ်ပါ၏။ ကိုဇော်မြင့်က. . .

အဲဒီဘုန်းကြီးတရားဟောတာ သိပ်ကောင်းတယ်ဗျာ။ သူဟောတဲ့တရားနာဖူးတယ်။ ဥပမာကလေးတစ်ခု ပြောတာခုထိမှတ်မိသေးတယ်။ လူတစ်ယောက်ကပြေးရင်းလွှားရင်း ချောက်ထဲကျသွားတယ်။ လန့်ဖျတ်ပြီးလှမ်း ဆွဲတာ သစ်မြစ်တစ်ခုဆွဲမိပြီး တန်းလန်း ဖြစ်နေတာပေါ့။ အောက်မှာလည်းချောက်ကြီး။ အပေါ်ကိုလည်းတက်မရ။ လက်အံ့သေ လာတော့. . . ဘုရားကို သတိရပြီး ဆုတောင်းတာပေါ့။ ဘုရားသခင်က . . . မင်းအော်ဟစ်သံကို ငါကြားတယ်။ ငါမင်းကိုကယ်ပါ့မယ်။တဲ့. . . အခုသစ်မြစ်ကို ကိုင်ထားတဲ့မင်းလက်ကို လွှတ်လိုက်တော့လို့ပြောသတဲ့။ တွဲလောင်းကျနေတဲ့သူက. . . ဘုရားသခင်ကို၊ ကိုယ်တော်ရယ်၊ ဒါလေးတော့ မဖြစ်ဘူးထင်တယ်. . . လို့ပြန်ပြောသတဲ့။ ဆိုလိုတာက ကိုယ့်ဉာဏ်ကိုအမှီမပြုနဲ့။ ဘုရားသခင်ကို အကြွင်းမဲ့ယုံကြည်ပါလို့ ကျမ်းစာကသွန်သင်တယ်။ ဘုရားသခင်ကို ယုံကြည်တာတော့ ယုံကြည်တာပေါ့။ ဒါပေမဲ့ ကိုင်ထားတဲ့ သစ်မြစ်ကလေးကိုတော့ မလွှတ်ရဲပြန်ဘူးလေ။ ယုံကြည်ခြင်းနဲ့ ပတ်သက်ပြီး ဖာသာခင်မောင်ကျော်ပြောပြတာ ကျွန်တော်အမြဲသတိရတယ်. . . ဟု ကိုဇော်မြင့်က ပြောပြပါသည်။ ခေတ္တမျှသာတွေ့ခဲ့ရသော လားရှိုးကြီးမှ ဘုန်းတော်ကြီးတစ်ပါး၏ အကြောင်းကို စဉ်းစားမိပါသည်။ သူဟောသော တရားနည်းတူ အသက်ရှင်နိုင်သောကြောင့် ချီးမွမ်းလျက်အားကျမိပါသည်။ အကြိမ်များစွာ 'ဒါလေးတစ်ခုတော့ ခွင့်လွှတ် စေချင်တယ်. . . ' ဟုဘုရားသခင်ကို ခွင့်တောင်းခဲ့တာကိုလည်း နောင်တရလာမိပါ၏။



**ဒီဇင်ဘာလ(၂၀) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

နာမတော်မူကား အံ့သြဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရ အဘ၊ ငြိမ်သက်ခြင်းအရှင် ဟုခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ (ဟေရှာယ အနာဂတ္တိကျမ်း၊ ၉း၆)

# "ငြိမ်သက်ခြင်းအရှင်..."

၁၈၇၀ ခုနှစ်ခရစ်စမတ်စ်အချိန်မတိုင်မီညဖြစ်၏။ ဂျာမဏီနှင့်ပြင်သစ်တို့သည် စစ်ဖြစ်သည့် အချိန်တစ်နေရာတွင် ဂျာမန်စစ်တပ်နှင့် ပြင်သစ်စစ်တပ်တို့ တစ်ဖက်နှင့်တစ်ဖက် မျက်နှာချင်းဆိုင် နေရာယူထားကြသည့်အချိန်လည်းဖြစ်ပါသည်။ အတော်ကလေး ညဥ့်နက်လာသောအခါ ပြင်သစ်စစ်တပ်မှ စစ်သားတစ်ယောက်သည် လရောင် အောက်တွင် အမှတ်မထင်ရိုင်ဖယ်သေနတ်ကိုထမ်းကာ၊ ဂျာမန်စစ်တပ်ဖက်သို့ လျှောက်သွားလေ၏။ သူ၏သူငယ်ချင်းမှာ ရင်တမမနှင့် ဘယ်အချိန်သေနတ်သံ ကြားရမလဲ။ ဘယ်အချိန်ဝိဉာဉ်ချုပ်မလဲနှင့် အသက်မရှူနိုင်အောင်ကြည့်နေကြပါ၏။ ဂျာမန် စစ်တပ်နှင့် မလှမ်းမကမ်းသို့ရောက်သောအခါသူက. . .

"ဖွားတော်မူပြီ၊ ဖွားတော်မူပြီ၊ ဣသရေလဘုရင်ပေတည်း"

ဟုအသံကုန်အော်ဟစ်၍ဆိုပြီး ပြန်လာခဲ့၏။ သေနတ်သံတစ်ချက်မှမကြားရ။ ထို့နောက် ခေတ္တမျှ တိတ်ဆိတ်နေပြီးနောက်၊ ဂျာမန်ဖက်မှ စစ်သားတစ်ယောက်သည်လည်း ချီတက် လာပြီး၊ ပြင်သစ်စစ်တပ်နှင့် မလှမ်းမကမ်းတွင် 'ဖွားတော်မူခြင်း' သီချင်းကိုစပြီးဆို၏။ ထပ်ဆိုရန်အပိုဒ်သို့ရောက်လျှင် စစ်တပ်နှစ်ဖက်စလုံးမှ လိုက်ဆိုကြ၏။ ပျော်လွန်းသဖြင့် မျက်ရည်ကျရ၏။ ထိုည၌စစ်ပွဲမရှိ။ ပကတိ ငြိမ်သက်ခြင်းကိုရကြပါ၏။

ခရစ်စမတ်စ်ကာလ၌ ရန်သူများပင်လျှင်တစ်ဦးနှင့်တစ်ဦး အပစ်အခတ်ရပ်စဲလျက် ငြိမ်သက်စွာနေရသော အခွင့်ရှိပါသည်။ တစ်ခါက ကျွန်တော့်မိတ်ဆွေ ဇနီးမောင်နှံ နှစ်ယောက်သည် အသင်းတော်ကိစ္စနှင့်ပတ်သတ်၍ သဘောထားကွဲလွဲကြပါသည်။ အသင်းတော်ကလည်း နှစ်ရာချီတည်ခဲ့ပြီးမှ စုံစမ်းခြင်းကို ပြင်းပြင်းထန်ထန်ခံရသဖြင့် အယူ အဆနှစ်မျိုးဖြစ်သွားပါသည်။ ကျွန်တော့်မိတ်ဆွေဇနီးမောင်နှံမှာလည်း နှစ်ဖက်စီသို့လိုက် ပါ၍ အိမ်ထောင်ရေးမှာပါထိခိုက်လျက် အရှေ့ခန်း၊ အနောက်ခန်းခွဲ၍နေကြပါသည်။ သူများ တွေ့စေ့စပ်သော်လည်းမရ၊ သားသမီးများကလည်း စိတ်ညစ်ကြရပါ၏။ ကျွန်တော့်ကို လာခေါ်သော်လည်း မလိုက်ရဲပါ။ ယောကျ်ားကဒေါသကြီးတတ်၏။ မိန်းမကသိုင်းပြိုင်ပွဲဝင်ဖူးသူ ဖြစ်ခဲ့ရာ၊ ကျွန်တော်မှာ ကလေးများအား. . . ခရစ်စမတ်စ် ကိုစောင့်နေပါ။ ခရစ်စမတ်စ်ကျရင် သူတို့ပြန်ပြီးအဆင်ပြေလိမ့်မယ်ဟု နှစ်သိမ့်ကာ ပြန်လွှတ်လိုက်ပါ၏။တကယ်ပဲ. . . ခရစ်စမတ်စ်ရောက်လျှင် ဘယ်လိုကနေ အဆင်ပြေ သွားသလဲမသိ။ သူတို့သည် ခရစ်စမတ်စ် ၏ ငြိမ်သက်ခြင်းဆုကျေးဇူးကိုရအောင်ယူနိုင်၍ ပြန်လည်သင့်မြတ်ကြပါသည်။ ကျွန်တော်တို့၌ မငြိမ်သက်မှုတစ်စုံတရာရှိခဲ့လျှင် ယနေ့တွင်စွန့်လွှတ်လျက် ငြိမ်သက်ခြင်းအရှင်ထံသို့ တိုးဝင်ကြပါစို့။

**ဒီဇင်ဘာလ (၂၁) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

ထာဝရဘုရား၏ ကောင်းကြီးမင်္ဂလာသည် စည်းစိမ်ကိုဖြစ်စေတတ်၏။ (သုတ္တံကျမ်း၊ ၁၀း၂၂)

# “ဤအိမ်ပေါ်တွင်...”

**ကျွန်တော်တို့ မောင်နှမသုံးယောက်သည် အသံကောင်းသူများ မဟုတ်သလို အသံလည်း မတည့်သဖြင့် အသင်းတော် ကွာယာအဖွဲ့မှာ မပါဝင်နိုင်ကြပါ။ သို့ဖြစ်၍ တစ်နှစ်တာလုံးဂုဏ်တော်သီချင်းကိုချီးမွမ်းဖို့ အခွင့်အရေးမရကြပါ။ ပရိသတ်ဓမ္မသီချင်းကို သာဆိုရပါ၏။**

**ကျွန်တော်တို့ အသင်းတော်မှ မစိန်မေ(ခုတော့လည်းဒေါ်စိန်မေပေါ့လေ)သည် အလွန် သီချင်းဆိုကောင်းပါသည်။ အသံကောင်း၍ ကျယ်ပါသည်။ သူမ၏အသံကို အားကျစွာ နားဆင်ရင်း တစ်နေ့နေ့မှာ ဂုဏ်တော်ချီးမွမ်းခွင့် ရလိုခဲ့ပါသည်။ ဒီဇင်ဘာလသို့ရောက်သော အခါ အသင်းတော်ကယ်ရိုသီချင်းဆို ထွက်ကြပါ၏။ ကျွန်တော်တို့မောင်နှမကို ကွာယာ ခေါင်းဆောင် ဦးသိန်းလှုက ဖိတ်ခေါ်သဖြင့် အားရဝမ်းသာ လက်ခံကြပါသည်။ သီချင်း ဆိုဖို့တော့မဟုတ်ပါ။ မီးပြဖို့၊ လမ်းပြဖို့ပဲ ဖြစ်ပါသည်။ ဘာပဲဖြစ်ဖြစ်ကျွန်တော်တို့ကတော့ အားရဝမ်းသာလိုက်ပါကြပါသည်။**

**တစ်စထက်တစ်စ ညနက်လာသောအခါ သီချင်းသည်များ ပါဝါကုန်လာကြပါသည်။ အသံတိုးလာကြပါသည်။ သက်လုံကျလာသောအခါ ကွာယာခေါင်းဆောင်က ကျွန်တော် တို့အား “ဟေ့၊ မင်းတို့လည်း ဝင်ဆိုကွ”ဟု အမိန့်ပေးပါသည်။ ထိုအခါ ကျွန်တော်တို့က ဝမ်းသာအားရဖြင့် သံပြိုင်လိုက်ဆိုကြပါသည်။ “ဤအိမ်ပေါ်တွင် ကောင်းချီးမင်္ဂလာ ရောက်စေသော်. . ” ပေါ့။ တစ်အိမ်ပြီးတစ်အိမ်၊ တစ်နေရာပြီးတစ်နေရာ၊ ဤသီချင်းကိုပဲ ထပ်ခါထပ်ခါ ပြန်ဆိုခဲ့သည်ကို ယခုတော့လွမ်းမောတသစွာ သတိရနေမိပါသည်။ ယခု အခါ ကျွန်တော့်ညီမတစ်ယောက်နှင့် ကွာယာခေါင်းဆောင်တို့ပင် ကောင်းကင်အိမ်ပြန်သွား ခဲ့ပါပြီ။ သီချင်းသည်အများကလည်း အိုမင်ရင့်ရော်၍ အဝေးအနီးခရီးကွာလှမ်းကြပါပြီ။ သီချင်းဆိုကောင်းလှသော မစိန်မေသည်လည်း ဝေးလှသောနေရာတွင်ရှိနေသည်ဟု သတင်းကြားမိသော်လည်း သူ့အသံကိုမကြားနိုင်တော့ပါ။ သို့သော်. . . ခရစ်စမတ်(စ်) ရောက်၍ “ဤအိမ်ပေါ်တွင်” သီချင်းကိုကြားရတိုင်း သင်ခန်းစာ(၂)ခုကိုတော့ သတိရမြဲ ဖြစ်ပါ၏။**

**(၁) ခရစ်စမတ်(စ်)မှာ လူတိုင်းသီချင်းဆိုခွင့်ရှိပါသည်။ အသံကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ဆိုခွင့်ရှိ၍ ဆိုကြဖို့ လိုအပ်ပါသည်။**

**(၂) ကောင်ကြီးမင်္ဂလာသည်. . . အိမ်ကြီးအိမ်ကောင်းဖို့သာမဟုတ်၊ အိမ်ငယ် အိမ်သေး စသည်ဖြင့် အိမ်တိုင်းအတွက် ဖြစ်ပါသည်။ လက်ခံဖို့သာလိုအပ်ပါ၏။**



**ဒီဇင်ဘာလ (၂၂) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ငါတို့သည်ဘုရားသခင်၏ ကယ်တင်တော်မူခြင်း ကျေးဇူးကိုမြေကြီးစွန်းအပေါင်း တို့သည်မြင်ကြရပြီ။ မြေကြီးသားအပေါင်းတို့ထာဝရဘုရားအားကြွေးကြော်ကြလော့။ (ဆာလံကျမ်း၊ ၉၈း၄)

# “ ကောင်းကြီးမင်္ဂလာရောက်စေသော် ...”

**အသင်းတော်မှကလေး သူငယ်များခရစ်မတ်သီချင်းတိုက်သောအခါ၊ အထက်ခေါင်း စဉ်းပါသီချင်းကမတိုက်ထားသော်လည်း ဘယ်အိမ်ရောက်ရောက်အဆင်ပြေပြေသီဆိုနိုင်ကြ ပါသည်။ တစ်နှစ်တစ်ခါဘုရားကျောင်းသို့ရောက်လာသော မိတ်ဆွေများလည်း ယခုမှအင် တိုက်အားတိုက်ဝင်၍၊ သီဆိုကြပါသည်။ ငါလည်းလိုက်ချင်တယ်၊ သူလည်းလိုက်ချင်တယ်ဟု ပြောကာလိုက်လာကြသော ပျောက်သောသိုးများကလည်းအလုံးအရင်းနှင့်ရောက်လာပြီး နေရင်းထိုင်ရင်းခရစ်စမတ်စ်လမှာတော့ ကျွန်တော်တို့ကွာယာအဖွဲ့သည် အင်အားတောင့် တင်းလှသဖြင့် ဝမ်းလည်းသာရပါသည်။ သတ်မှတ်ထားသောအိမ်များသာမက၊ အခြားသူတို့ မိတ်ဆွေအိမ်များကိုပါခေါ်သွားသဖြင့် အိမ်မျိုးစုံသို့ရောက်ရပါသည်။ အရက်ပုန်းရောင်း သောအိမ်တစ်အိမ်ကလည်း အတင်းခေါ်ဖိတ်၍၊ ဘာမသိညာမသိနှင့်ဝင်၍သီဆိုရာခိုးခိုးဝှက် ဝှက်လာသောက်သူများထွက်ပြေးကြလေ၏။ အိမ်ရှင်ကသူ့အရက်ပုံးများကိုစောင်နှင့်ကာ လိုက်ပြီး ‘ကောင်းကြီးမင်္ဂလာ’ ဆိုပေးပါဟုတောင်းဆို၍၊ နှစ်ခါဆိုရပြန်၏။ ပြန်မည်လုပ်တော့ ဆုတောင်းဦးဟုပြောပြန်၏။ ဆုတောင်းပြီးတော့လည်း၊ စားပါဦးဆို၍လက်ဖက်သုတ်စားရ ပြန်၏။ အိမ်ရှင်ကပျော်၊ သီချင်းသည်တစ်ချို့ကလည်းပျော်ကြ၏။ ‘မင်္ဂလာ’ ဆို၍ ထပ်ဆိုရပြန်သည်။ ဒီတစ်ခါတော့သောက်ပါဦး . . . မပြောတာပဲတော်ပါသေးသည်။**

**ထိုအိမ်မှထွက်လာတော့. . . အတော်မောသွားကြပါ၏။ လူမောတာထက်စိတ်မော တာလည်းပါသည်။ ဒီအိမ်မျိုးမှာငါတို့သီချင်းလာဆိုတာမှန်ရဲ့ဟုတွေးမိပါသည်။ သို့သော်မ တတ်နိုင်ပါ။ သူတို့ကအတင်းတောင်းဆိုနေတာပဲ။ ငါတို့ငြင်းလို့မှမရတာ၊ အကယ်၍များ မင်းတို့အရက်ပုန်းရောင်းတဲ့အိမ်မို့ငါတို့မဆိုဘူး။ ကျော်သွားမယ်လို့ပြောရင်သူတို့ ဘယ်လို ခံစားရမလဲ။ ကောင်းကြီးမင်္ဂလာကိုသူတို့လိုချင်တာပဲလေ. . . ဟုစဉ်စားမိပြန်တော့၊ ဝေစာ ပေးခဲ့မိတာကိုဝမ်းသာမိပါသည်။ စင်စစ်ကျွန်တော်တို့သည် ခရစ်စမတ်စ်အချိန်တွင် ဧဝံဂေလိ မျိုးစေ့ကိုကြဲဖြန့်ခွင့်ရတာကလည်း ကောင်းကြီမင်္ဂလာတစ်ခုဖြစ်ပါသည်။**

**ကောင်းကြီးမင်္ဂလာကိုသာမက၊ ကယ်တင်ခြင်းသတင်းစကားကိုတစ်ပါတည်း ထားခဲ့နိုင် လျှင်သာကောင်းပါသည်။ ခေတ္တသာနားထောင်၍ နောက်တစ်နေ့မေ့သွားနိုင်သော သီချင်း တေးသံသာမက သူတို့ဖတ်ဖို့၊ သိမ်းထားနိုင်းဖို့၊ ပြန်အောက်မေ့စေသောလက်ဆောင်များ၊ ကဒ်များ၊ ဝေစာများနှင့် ဆိုလျှင်. . . မျိုးစေ့သည် အပင်ပေါက်ရန်အခွင့်အလမ်း ရှိနိုင်ပါ သည်။ ခရစ်စမတ်စ်မှာ အိမ်တိုင်းသည် ကောင်းကြီးမင်္ဂလာကိုလည်း ရရှိရန်လိုအပ်ပါ၏။ ကယ်တင်ခြင်း သတင်းစကားကိုလည်း တဖန်ကြားခွင့်ရှိရပါမည်။ ဤတာဝန်များကို ခရစ်စမတ်စ်တမန်တော်များက ယူတင်ထမ်းဆောင်ကြရပါမည်။**

**ဒီဇင်ဘာလ(၂၃) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

မိမိညီအစ်ကိုကို ချစ်သောသူသည် အလယ်၌ တည်နေ၏။ ထိမိ၍ လဲစရာအကြောင်းကို ထိုသူ၌မရှိ။ (၁ ယော၊ ၂း၁၀)

# "အလင်း၌ တည်နေသူ..."

**ဂျင်းဗယ်ဂျင်းသည် ထင်ရှားသော စာရေးဆရာဖြစ်ပါသည်။ သူ၏ဘဝအတွေ့ကြုံကို ရေးသားသော စာအုပ်တွင် သူ့အားကူညီသော ခရစ်ယာန်တစ်ယောက်အကြောင်းကို သက်သေခံထားသည်။ ငယ်စဉ်က နိုင်ငံရေးပြစ်ဒဏ်ဖြင့် ထောင်(၁၉)နှစ် ကျခံဖူးပါ၏။ ထောင်မှလွတ်လာသောအခါ သူ၏မိတ်ဆွေတို့က သူ့အားကျောခိုင်းခဲ့ကြ၏။ သူ့တွင် နေစရာ၊ စားစရာမရှိသောအခါ မည်သူမျှ သူ့ကိုအပေါင်းအသင်း မလုပ်ကြပါ။**

**ထောင်မှ ထွက်လာပြီးနောက် အပေါင်းအသင်းများထံ သွားသောအခါ မည်သူမျှ သူ့အားတံခါးဖွင့်မပေးပါ။ သူတည်းခိုရန် အခန်းကိုမငှား။ ဆာလောင်မွတ်သိပ်၍ အစာငတ်သောအခါ သူ့ကိုရောင်းမည့်သူမရှိ။ ထိုအခါ ပင်ပန်းခြင်း၊ ဝမ်းနည်းခြင်း၊ အထီးကျန်ခြင်း စသည့်လောကဆင်းရဲခြင်းကို ခံစားရပါသည်။ သူ့အသက်တာတွင် မည်သူမှသူ့အား ဂရုမစိုက်ဟူသည့် အသိတရားဝင်လာသည့်အခါ မိမိကိုယ်ကို သတ်သေချင်စိတ်ပေါက်လာ၍ ပြုခဲ့သမျှအတွက် နောင်တရလေသည်။ သို့သော်တစ်နေရာသို့ ရောက်သောအခါ သင်းအုပ်ဆရာတစ်ပါးသည် သူ့ကို ကောင်းစွာပြောဆိုဆက်ဆံသည်။ ထိုနေ့သည် ခရစ်စမတ်စ် အကြိုနေ့ဖြစ်ပါသည်။**

**ဆရာက သူ့အားစားဖို့ အစာပေးသည်။ အိပ်ဖို့နွေးထွေးသောအိပ်ယာကို ပေးသည်။ ဗယ်ဂျင်းသည် မယုံကြည်နိုင်လောက်အောင် ဖြစ်နေပါ၏။ သူကပွင့်လင်းစွာပင် "ကျွန်တော့်အမည်မှာ ဂျင်းဗယ်ဂျင်း ဖြစ်ပါသည်။ ယခုမှ ထောင်ကလွတ်လာသောသူဖြစ်ပါသည်"ဟု ပြောသော်လည်း ဆရာက"သင် ဘယ်ကလာသလဲ မပြောနဲ့။ ယခုနေရာဟာ ကျွန်တော့်အိမ်မဟုတ်။ ခရစ်တော်ရဲ့ အိမ် ဖြစ်ပါတယ်။ အိမ်မရှိတဲ့သူတွေလည်း တည်းခိုဖို့ရန်အတွက် ကောင်းပါတယ်။ ပြီးမှ "သင်နဲ့ကျွန်ုပ်ဟာ ခရစ်တော်ရဲ့ သားသမီးဖြစ်ရင်၊ ညီအစ်ကိုတော်မှာပေါ့။ ဒါကြောင့် ခင်ဗျား ခရစ်တော်ရဲ့သား ဖြစ်ဖို့ပဲ လိုတယ်" ဟု ဆက်ပြောလေသည်။ ထိုစကားကိုကြားလျှင် ချက်ခြင်းပင် "ယခုအချိန်မှာ ကျွန်တော်၌ ဆွေမျိုး၊ မိတ်ဆွေ၊ အဖော်မရှိပါ။ အဖော်ရဖို့ ဘာပဲဖြစ်ဖြစ် ချက်ခြင်း လုပ်ပါမည်" ဟု ပြောပြီး ခရစ်တော်ကို လက်ခံယုံကြည်လေသည်။ သင်းအုပ်ဆရာ၏ ရပ်တည်မှုကြောင့် သူသည် ယုံကြည်သူဖြစ်လာခဲ့ပါသည်။ ခရစ်စမတ်စ်မှာ ကျွန်တော်တို့ မည်ကဲ့သို့ ရပ်တည်သင့်ကြောင်းကိုလည်း သင်ခန်းစာယူရန်ဖြစ်ပါ၏။**



**ဒီဇင်ဘာလ (၂၄) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၁း၁၂)

# "ယုံကြည်သောသူတို့အား ...."

ခရစ်စမတ်စ်ကာလရောက်သောအခါ ငယ်စဉ်က သီချင်းတွေလိုက်ဆိုတာ သတိရမိပါ၏။ ယခင်ကပြောပြဖူးခဲ့သည့်အတိုင်း အသံမကောင်း၊ သီချင်းမဆိုနိုင်သဖြင့် မီးအိမ်ထမ်းသော အလုပ်ကိုပဲ ကျွန်တော်လုပ်ခဲ့ရပေမယ့် သူများနည်းတူ ပျော်ရွှင်ခဲ့ပါသည်။ ကျွန်တော်တို့ငယ်စဉ်က အောက်လင်းဓာတ်မီးနှင့် သီချင်းလိုက်ဆိုကြရာ ဆီအပြည့်၊ ပူပူလောင်လောင်အောက် လင်းဓာတ်မီးတစ်လုံးကို ကျွန်တော်ထမ်းရပါသည်။ တစ်ညတွင် သွားရင်းလာရင်း အပေါ့အပါးသွားချင်၍ မီးအိမ်ကို ခေတ္တချ၍ မှောင်ထဲသွားခဲ့ပါသည်။ ကျွန်တော့်အလစ်ကို ချောင်းနေသော သူခိုးတစ်ယောက်က ရုတ်တရက်အောက်လင်းဓာတ်မီးကို ယူ၍ ပြေးလေ၏။ ကိစ္စမပြီးခင် . . . ကျွန်တော့်မှာ အမြန်လိုက်ရပါသည်။ သူခိုး . . . သူခိုးဟု မအော်နိုင်ပဲ အသားကုန်လိုက်၏။ သူခိုးက ယူ၍ ပြေး၏။ သီချင်းသည်များက ရုတ်တရက် မသိပါ။ အတန်ကြာမှ ကျွန်တော့်ကို လိုက်ရှာရင်းသိကာ ပြေးလာကြ၏။

သူခိုးကား ဘိန်းရှုသောသူတစ်ယောက်ဖြစ်သော်လည်း ပြေးအားကောင်း၏။ မီးကိုကိုင်၍ မြန်မြန်ဆန်ဆန် ပြေးနိုင်သည်။ ကျွန်တော်က ရမ်းသမ်းလိုက်ရသဖြင့် မှောက်ခုန်ပက်လက် ဖြစ်ရသေးသည်။ သူခိုးသည် မီးကို ငြိမ်းရန်သတိရသောအခါ လူအုပ်ကသူ့ကို မီတော့မည်။ ခလုပ်ကို ပိတ်ရန်သူမသိပါ။ ပြေးရင်း ဟိုလှည့်ဒီလှည့်လုပ်သော်လည်း မီးကမငြိမ်း။ မီးလင်းလင်းမှာ သူခိုးသည် ဘယ်မှမပြေးသာ။ ငါ . . . ဒီနေရာမှာ ဟော့ဟုကျေညာသလိုဖြစ်နေသည်။ သီချင်းဆိုသူများကလည်း သူခိုးလိုက်ပွဲကို အားပါးတရ ညာသံပေးကာ ဆင်နွှဲ၏။ မဲရီးခရစ်စမတ်စ်မဟုတ်တော့ပဲ။ သူခိုးကွ၊ မိအောင်လိုက်ဖမ်းကြဟေ့။ အသေရိုက်၊ ဆော်ကွ၊ နှက်ကွ . . . ဟု အော်နေကြရာ၊ သူခိုးလည်း သွေးပျက်၍ ပုန်းရန်နေရာရှာပေမယ့် သူလက်ထဲက မီးအိမ်က မငြိမ်းနိုင်။ နောက်ဆုံးတော့ ကြံရာမရဖြစ်လျက် ရေကန်တစ်ခုထဲသို့ လွှင့်ပစ်ရာ မီးအိမ်ကြီးသည် ရေနှင့်ထိကာ ပေါက်ကွဲ၍ ငြိမ်းသွားပါ၏။ သူလည်း လွတ်မြောက်၍ ကျွန်တော်တို့လည်း မှောင်ထဲမှာ အချင်းချင်း တကန်းကနားသီချင်းဆိုခြင်းကို ရပ်နားရပါ၏။ ကျွန်တော့်ကြောင့်ဖြစ်ရသဖြင့် မိဘများက ရှက်၍ မီးအိမ်ဖိုးကို အသင်းတော်သို့ ပေးလျော်ကာ သီချင်းဆိုခွင့်ပါမစ်လည်း ပိတ်လိုက်သဖြင့် နောက်တွင် သီချင်းလိုက်မဆိုတော့ပါ။

သူခိုးသည် ထိုညက လွတ်မြောက်ခဲ့သော်လည်း စိတ်မအေးခဲ့ပါ။ ခရစ်စမတ်စ်ပွဲတော်ရောက်သောအခါ သတိရလျက် ဘုရားမီးအိမ်ကြီး ခိုးမိပါလားဟုတွေးမိရင်း ဘုရားသခင်၏ မေတ္တာဖြင့် သွေးဆောင်ခြင်းမှ မလွတ်မြောက်နိုင်ပဲ ခရစ်စမတ်စ်ပြီးလျှင် သင်းအုပ်ဆရာထံလာ၍ ဝန်ခံလေသည်။ ဆရာက . . . နှုတ်ကပတ်တော်ဖြင့် သွန်သင်ရာနောက်ဆုံးတွင် အကျင့်ဟောင်းကို လုံးလုံးစွန့်ပယ်လျက် သခင်ယေရှုကို လက်ခံယုံကြည်လေသည်။ ယခုတော့ သူက အသင်းတော်မှာ အားကိုးရသော သင်းထောက်ကြီးပင်ဖြစ်လာခဲ့ပါ၏။ အပြစ်နှင့်နစ်မွန်းခဲ့ဖူးသော်လည်း ကိုယ်တော်ကို ယုံကြည်သောသူ၊ ကိုယ်တော်ကို ငြင်းပယ်ခဲ့ဖူးသော သားတော်ကို လက်ခံသောအခါ . . . . ဘုရားရှင်၏ သားတော်ဖြစ်ရသောအခွင့်ကို ရလာကြောင်း ဝေမျှပါရစေ။

**ဒီဇင်ဘာလ (၂၅) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

အလွန်ဝမ်းမြောက်ဝမ်းသာစရာ သတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။ ယနေ့တွင် ဒါဝိဒ်မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဖို့အလို့ငှာ ဖွားမြင်ခြင်းကို ခံတော်မူပြီ။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၂း၁၀)

## "မဲရီးခရစ်စမတ်စ် ..."

Merry Christmas to you (သင့်အတွက်ပျော်ရွှင်သော ခရစ်စမတ်စ်ဖြစ်ပါစေ)ဟူသော ဆုတောင်းသံ၊ မေတ္တာပို့သံများသည် ယနေ့တွင်တော့ ကမ္ဘာဂြိုဟ်တစ်ခုလုံးမှာ အပြောဆုံး၊ အသံအကျယ်ဆုံး ဝါကျတစ်ကြောင်းဖြစ်ပါလိမ့်မည်။ စဉ်းစားကြည့်ပါလေ။ သင်သည်လည်း သူတစ်ပါးကို ပြောဖြစ်ခဲ့ပါလိမ့်မည်။ သင့်ကိုလည်း သူများက ပြောပါဦးမည်။ ကျမ်းစာထဲမှာတော့ ဤဆုတောင်းကို မတွေ့ရပေမယ့် ယနေ့ကာလမှာတော့ ဒါသည် ယဉ်ကျေးမှုတစ်ခု၊ ဓလေ့ထုံးစံတစ်ပါးဖြစ်နေပါပြီ။ Merry ဟူသောအင်္ဂလိပ်စကား၏ အနက်မှာ . . . .

(၁) ပျော်ရွှင်သော

(၂) ငြိမ်သက်ခြင်းနှင့်ပြည့်စုံ၍ ကောင်းကြီးမင်္ဂလာကိုခံရခြင်း . . . ဟူ၍ ဖြစ်ပါသည်။ တစ်ခါက ကျွန်တော်တို့ရွာတွင် မဲကြီးအမည်ရှိ သူငယ်ချင်းတစ်ယောက်ရှိပါသည်။ သူများတွေက မဲရီးခရစ်စမတ်စ်ဟု နှုတ်ခွန်းဆက်တာကို သူက မဲကြီးခရစ်စမတ်စ်ဟုကြားကာ အပြင်းအထန်ကန့်ကွက်လေသည်။ တကယ်တော့ သူက ယုံကြည်သူမဟုတ်ပါ။ ကျွန်တော်တို့ သူငယ်ချင်းများကလည်း အင်္ဂလိပ်စကားလည်း မပီကြသဖြင့် မဲကြီးဖြစ်လိုက်၊ မဲရီးဖြစ်လိုက်နှင့် ခရစ်စမတ်စ်ရောက်တိုင်း မဲကြီးသည် စိတ်ညစ်နေရပါသည်။ မဲကြီးအဖေက . . . မဲကြီးကတော့ ဟုတ်ပါတယ်။ မဲရီးက ဘာပြောတာလဲဟု မေးဖူးရာ ဘာမသိညာမသိနှင့် နော်ပွယ်ဖောက မဲရီးက လက်ထပ်တာလေဟုရှင်းပြရာ၊ ခရစ်စမတ်စ်နှင့်လက်ထပ်ပွဲပြီးတော့ သူ့သားမဲကြီးစသည်ဖြင့် အဖိုးကြီးဘာမှ နားမလည်ခဲ့ပါ။ တကယ်တော့ အချို့သားသမီးများလည်းမသိ။ ကျွန်တော်တို့ ငယ်စဉ်ကလည်း မသိခဲ့ပါ။ ရွှင်လန်းသော ခရစ်စမတ်စ် . . . . ဟုနှုတ်ခွန်းဆက်ရန် စင်စစ်အကြောင်းရှိပါသည်။

မရွှင်မလန်းနှင့် ဖြတ်သန်းခဲ့ဖူးသော ခရစ်စမတ်စ်များစွာ ရှိခဲ့တာပဲလေ။ ခရစ်စမတ်စ်အလွမ်း၊ ခရစ်စမတ်စ်ကို ကြောက်တယ်၊ ခရစ်စမတ်စ်တစ္ဆေ . . . စသော သီချင်းဝတ္ထုများတွင် အချို့သူတို့သည် ခရစ်စမတ်စ်မှာ ရွှင်လန်းခြင်းမရှိသည်ကို ဖော်ပြပါသည်။ ငြိမ်သက်ခြင်းနှင့် ပြည့်စုံ၍ ကောင်းကြီးမင်္ဂလာကို ခံရဖို့လည်း ဆုတောင်းရန် စင်စစ်အကြောင်းရှိပါသည်။ မငြိမ်မသက်နှင့် ခရစ်စမတ်စ်ပွဲတော်ကို ကျင်းပရသောနေရာဒေသ၊ အချိန်ကာလများစွာရှိပါ၏။ ဖယောင်းတိုင်မီးများစွာ ထွန်းထားပေမယ့် ကိုယ်စိတ်နှလုံးမငြိမ်မသက်ယောက်ယက်ခတ်ခဲ့ရသော ခရစ်စမတ်စ်များရှိခဲ့ပါ၏။ သို့ဖြစ်ရာ . . . . ယနေ့တွင် ရွှင်လန်းဝမ်းမြောက်ဖွယ်ခရစ်စမတ်စ်ဟု နှုတ်ခွန်းဆက်ကြပါစို့။ မဲကြီးခရစ်စမတ်စ်ဖြစ်စေ၊ မဲရီးခရစ်စမတ်စ်ဖြစ်စေပီပီ၊ မပီပီ မိတ်ဆွေများကို အားပါးတရ နှုတ်ဆက်ကြမည်။ ပြီးတော့ . . . ငြိမ်သက်ခြင်းနှင့်ကောင်းကြီးမင်္ဂလာကို ခံရခြင်းရှိသော ခရစ်စမတ်စ်နေ့ဖြစ်ဖို့ကိုလည်း သတိတရဆုတောင်း၍ ကမ္ဘာတစ်ခုလုံးမှာ ဝမ်းမြောက်စရာ အချိန်ကာလဖြစ်စေခြင်းအတွက် ပဌာနာပြုကြပါစို့။



**ဒီဇင်ဘာလ (၂၆) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

သင်တို့၌ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ သူ့အသရေကို ရှုတ်ချခြင်း၊ ချောစားခြင်း၊ မာနထောင်လွှားခြင်း၊ အချင်းချင်းအမှုလုပ်ခြင်း ဖြစ်မည်ဟူ၍ ငါး . . . . စိုးရိမ်ခြင်းရှိ၏။ (ကောရိန္သုဩဝါဒစာ ဒုတိယစောင်၊ ၁၂း၂၀)

## "ငြင်းခုန်ခြင်းဖြင့် ..."

နယ်လီနှင့် စင်ဒီအမည်ရှိ အမေရိကန်ပြည်မှ မိန်းကလေးနှစ်ယောက်အကြောင်းကို ပြောပြပါရစေ။ သူတို့သည် ငယ်စဉ်က ချစ်ချင်ခင်ခင်နေလာခဲ့ပြီးနောက် အရွယ်ရောက်လာသောအခါတွင်လည်း မခွဲခွာခဲ့ပါ။ တစ်အိမ်တည်းမှာပဲ အတူတကွနေထိုင်ကြပါသတဲ့။ တစ်နေ့မှာတော့ . . . တယ်လီဖုန်းခ ငွေတောင်းခံလွှာရောက်လာခဲ့ပါသည်။ ငွေက ခါတိုင်းလထက်ပိုပြီး ကျနေတာတွေ့တော့ နယ်လီက . . . .

"တစ်သက်နဲ့တစ်ကိုယ် ဒီလောက်တယ်လီဖုန်းခများတာ ပထမဆုံးတွေ့ဖူးတာပဲ။ ဧကန္တစင်ဒီ၊ ညည်းတယ်လီဖုန်းကို အရမ်းပြောခဲ့တာဖြစ်မှာပဲ . . . "

"မဟုတ်ဘူး အစ်မ။ ခါတိုင်းလထက်ပိုပြီး ပြောစရာဘာမှမရှိဘူး။ တယ်လီဖုန်းခများသွားတာအစ်မကြောင့်ပဲ ဖြစ်မှာပဲ။ အစ်မမေ့နေလို့ ဖြစ်မှာပါ။ ပြန်စဉ်းစားပါဦး"

အဲဒီကစလို့ ပြဿနာက ပေရှည်သွားခဲ့ပါသတဲ့။ အစ်မက ညီမကြောင့် ညီမက အစ်မကြောင့်ဟု ငြင်းခုန်ကြရာမှ ဒေါသတွေပါလာပါ၏။ အနိုင်ရလိုစိတ်ပြင်းစွာဖြင့် အော်ဟစ်ပြောဆိုကြရာမှ ညီအစ်မဖြစ်မှန်းကိုပင် သတိမရနိုင်တော့ပဲ ရန်ပွဲဖြစ်သွားပါသည်။ အခြားသောသူများကလည်း ကိုယ်နှင့်မဆိုင်တာ ဝင်မပါကြေးဟု သဘောပိုက်လျက် ရှောင်ထွက်သောအခါ ညီအစ်မနှစ်ယောက်သည် စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားကာ နယ်လီက စင်ဒီကိုစ၍ တရားစွဲလေသည်။ စင်ဒီကလည်း အားကျမခံပြန်၍ ရင်ဆိုင်ရာ တရားရုံးမှာ 'ညီအစ်မအမှု' ဟုကြော်ကြားလေ၏။ အတိုချုံး၍ ပြောရလျှင် . . . .

နယ်လီက အမှုနိုင်လေသည်။ သူမှန်သည်ဟု တရားရုံးက ဆုံးဖြတ်ချက်ချပေးလေသည်။ နယ်လီက ဝမ်းမြောက်ဝမ်းသာဖြင့် နိုင်ပြီ . . . နိုင်ပြီဟု ကြွေးကြော်လေသည်။ သို့သော် . . . တကယ်တန်းတွင်မူ ညီမလေးတစ်ယောက်ကို သူဆုံးရှုံးသွားမှန်းမသိခဲ့ပါ။ စင်ဒီသည် သူမနှင့်ခွဲခွာသွားကာ သေသည်အထိပြန်မတွေ့ရတော့ပါ။ နယ်လီနိုင်ပြီ . . ဟူသော သတင်းစာအဟောင်းထဲက အကြောင်းများကို ငေးကြည့်ရင်း နယ်လီသည် နောက်ပိုင်းနေ့ရက်ကာလများတွင် ဝမ်းသာပျော်ရွှင်ခြင်း အလျဉ်းမခံစားရတော့ပါ။

တိမောသေသို့ ရေးသားပေးပို့သော တမန်တော်ကြီး ရှင်ပေါလု၏ ပထမဩဝါဒစာတွင် . . . အရပ်ရပ်တို့၌ . . . . အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်းမရှိဘဲ၊ မသန့်ရှင်းသောလက်ကို ချီ၍ ဆုတောင်းခြင်းငှာ ငါအလိုရှိ၏ . . . ဟု သွန်သင်ထားပါသည်။ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်းသည် လွယ်လင့်တကူ ပြုလေ့ပြုထရှိပါသည်။ မဟုတ်ရင်မခံဘူးကွဟု အော်ဟစ်ရတာကိုပဲ ဂုဏ်ယူစရာဟု အောက်မေ့တတ်ပါသေးသည်။ တဒင်္ဂ၌ စိတ်ဖြေ၍ ကျေနပ်စရာဟု ထင်သော်လည်း ထိုအမှုများသည် နောက်ဆုံး၌ ပျော်ရွှင်ငြိမ်သက်ခြင်းကို မပေးပါ။ ဝမ်းနည်းကြေကွဲစရာကိုသာ ယူဆောင်လာလေ့ရှိသဖြင့် . . . လွယ်လင့်တကူ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်းကို ထိန်းချုပ်ကြပါစို့။

**ဒီဇင်ဘာလ (၂၇) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

လူသည် မိမိအချိန်ကာလကို မသိတတ်။ ဘေးပြုရာ ပိုက်ကွန်အုပ်မိသော ငါးကဲ့သို့ငှင်း၊ ကျော့ကွင်း၌ ကျော့မိသောငှက်ကဲ့သို့လည်းကောင်း၊ လူသားတို့သည် ဘေးပြုရာ ကာလထဲသို့ အမှတ်တမဲ့ ကျရောက်၍ ကျော့မိတတ်ကြ၏။ (ဒေသနာကျမ်း၊ ၉း၁၂)

## "ပြိုင်ပွဲများ၌ ..."

ဟသ်ာတမြို့ကရင်ကျမ်းစာသင်ကျောင်းမှ ဖိတ်ကြားခံရ၍ စာပေဟောပြောပွဲသွားရမည်ဆိုတော့ ရင်ခုန်မိပါသည်။ ဧရာဝတီမြစ်ကမ်းနံဘေးက ထိုမြို့ကလေးမှာ ရှေးဘိုးဘေးတို့၏ ယုံကြည်ခြင်း သက်သေများစွာရှိခဲ့ပါသည်။ ဆရာယုဒသန်ဘုန်းတော်ဝင်စားပြီး မရှေးမနှောင်းမှာပင် ခရစ်ယာန်သာသနာစတင်စည်ပင်ဖွံ့ဖြိုး၍လာခဲ့ရာ အချို့သောအသင်းတော်များကား နှစ်နှစ်ရာဖက်သို့ နီးနေပါပြီ။ ဟသ်ာတနယ်မှ အမှုတော်ဆောင်အများအပြားထွက်ပေါ်ကာ မြန်မာပြည်အနှံ့ ဧဝံဂေလိမျိုးစေ့ကို ကြဲဖြန့်သော သမိုင်းလည်းရှိခဲ့ရာ ဟသ်ာတသို့သွားရမှာ တကယ်ပဲပျော်စရာ၊ ဂုဏ်ယူစရာဖြစ်ပါသည်။

ကျွန်တော်တို့ စီးလာသော ကားက 'မေတ္တာရှင်'ဟု အမည်ရပါသည်။ ကားကအိုမင်းပုံရှိသော်လည်း အပြေးမြန်လှပါ၏။ ဂိတ်မှစထွက်သည်နှင့် ပြိုင်ဖက်ဂျီအီးစီကားက ကျော်တက်သွားသောအခါ မေတ္တာရှင်သည် နည်းနည်းတင်းသွားသည်ထင်ပါ၏။ ဂီယာစုံထိုးကာ အသည်းအသန်လိုက်သဖြင့် ကျွန်တော်တို့မှာ ဘုရားသခင်ကို ချက်ခြင်းအာရုံပြုရလေ၏။ ဖြစ်ချင်တော့ ကျွန်တော်တို့က ရှေ့ဆုံးခုံမှာ ကားပြိုင်ပွဲကို အားလုံးထက်မြင်နေရပါ၏။ နာမည်ကျော်ဗိုလ်မြတ်ထွန်းတံတားပေါ် ရောက်လျှင် ကားနှစ်စီး၏ အားပြိုင်မှုမှာ အမြင့်ဆုံးဖြစ်လာပါ၏။ ကားနှစ်စီး၊ တံတားကျဉ်းကျဉ်း၊ တစ်စီးကိုတစ်စီး ကျော်တက်နိုင်ဖို့ အနိုင်မခံ မရှုံးမပေး၊ ဝရုန်းသုန်းကား စက်ကုန်ဖွင့်ရာ တံတားကြီးက သိမ့်သိမ့်ခါ၊ ကားနှစ်စီးက ဝုန်းဝုန်းခုန်နေသဖြင့် ကျွန်တော်အသက်မရှူနိုင်တော့ပါ။ အောက်ကို ထွက်မကျအောင်မနည်းကိုင်ထားရပါသည်။ မှန်လုံဆိုပေမယ့် မှန်ကလည်း မလုံပါ။ အောက်မှာတော့ ပန်းလှိုင်မြစ်က တဟဲဟဲနှင့် စီးဆင်းကာ ဘာပဲကျလာလာ Welcome ကြိုဆိုပါ၏ . . . ဆိုသည့်ပုံမျိုးဖြစ်ရာ ဇနီးသည်ကတော့ မွန်လူမျိုးမို့အကြောက်အလန့် နည်း၍ တော်သေးသည်။ ကျွန်တော်ကတော့် အသက်ထွက်မတတ် ထိတ်လန့်နေပါ၏။

ကားနှစ်စီးသည် တံတားကို လွန်လျှင် တဝုန်းဝုန်းကုန်းဆင်းကာ တိုးဂိတ်ကို မနားနိုင်အရှိန်နှင့် ဖြတ်မောင်း၏။ ပိုက်ဆံနောက်မှယူ . . . ဟုအော်သွားကာ ရွာကလေးအရောက်လုမောင်းကြ၏။ ရွာကလေးရောက်တော့ ခရီးသည် တစ်ယောက်နှစ်ယောက်တောင်မရ။ ရှေ့က 'သမာဓိ' ကားက ကောက်တင်သွားပြီးပြီ။ ဘာမှလည်း အကျိုးမရှိပဲနှင့် သက်စွန့်ဆံဖျား ကားမောင်းပြိုင်ခဲ့ကြပါ၏။ စင်စစ် . . . ဘဝမှာ စွန့်စားခဲ့တာအများကြီးရှိပါ၏။ ဥစ္စာ၊ ရာထူးအတွက် တစ်ယောက်ကိုတစ်ယောက် အသေအကြေတိုက်ခိုက်တာ ပြိုင်ပွဲဝင်ခဲ့သော်လည်း ဘာများအကျိုးရှိခဲ့ပါသနည်း။ တစ်ခါတရံတော့ ဟသ်ာတပြိုင်ကားများလိုပဲ အသက်ကိုရင်း၍ ပြိုင်ပွဲကို ဆင်နွှဲခဲ့ပေမယ့် အကျိုးမဲ့ဖြစ်တတ်ပါသေးသည်။ စင်စစ် . . . 'အသက်ရှင်ခြင်း' ဆုကျေးဇူးထက် မည်သည့်အရာမျှ မကြီးမြတ်သည်ကို ဆင်ခြင်လျက် ဘုရားရှင်ပေးသော ရှင်သန်ခြင်းနေ့ရက်များကို တန်ဖိုးထားကြပါစို့။



**ဒီဇင်ဘာလ (၂၈) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသာပတေးနေ့)**

အကယ်စင်စစ်လူသည် အရိပ်၌သာကျင်လည်ပါ၏။ အကယ်စင်စစ်လူတို့သည် အကျိုးမဲ့ပင်ပန်းပါ၏။ ဥစ္စာကိုဆည်းပူးသော်လည်း အဘယ်သူရအံ့သည်ကိုမသိရပါ။ (ဆာလံကျမ်း၊ ၃၉း၆)

## "ပင်ပန်းသောနေ့..."

တကယ်တော့ရောက်ခဲလှသည့် နေရာတစ်ခုကိုရောက်လျှင် ဟိုဟိုဒီဒီသွား၍ကြည့်ချင်ပါသည်။ သို့သော်ကျွန်တော့် အကြောင်းမသိသူတွေက ဒီဆရာအလုပ်များတယ်ထင်ပြီး အားနာပါးနာနှင့်ရောက်ပြီး စာပေဟောပြောပွဲလုပ်၊ နောက်တစ်နေ့ပြန်ဖို့ လက်မှတ်ဝယ်ပေးပြီးသား ဖြစ်တတ်ရာ ကိုယ့်မှာနေချင်လည်းမရ။ အချိန်တန်တော့ အိမ်ပြန်ရတာပဲလေ။ ရသည့်အချိန်က နည်းလွန်းတော့. . ခင်မင်သော ဆရာမျိုးအောင် (သူကလည်း စာရေးဆရာတစ်ပိုင်းပါပဲ) အိမ်သို့ နံနက်သုံးနာရီခွဲမှာ သွားနှိုး၍ စကားပြောမည် စိတ်ကူးပါသည်။ ရောက်တုံးရောက်ခိုက်ဒုက္ခပေးဦးမှ ကြံစည်ရင်း မှောင်မှောင်မဲမဲမှာ ရောက်သွားပါ၏။ သို့သော် ဆရာက ထိုအချိန်မှာ ရေချိုးနေသတဲ့။ ဆရာကတော်က ခိုးကြောင်ခိုးဝှက်ဝင်လာသော ကျွန်တော့်ကို ဘယ်သူလဲ. . ဘယ်သူလဲဟု အတင်းအော်မေးစရာ ကိုယ့်ဖာသာလန့်ရင်းအထဲပြေးဝင်ပြီး မိတ်ဆက်ရပါသည်။ ဆရာကတော်က အိပ်ချင်မူးဝေနှင့် သူခိုးထင်၍ မနက်လိုက်တာပဲ တော်ပါသေးသည်။

ဆရာမျိုးအောင်က အဝတ်အစားလဲကာ ကျွန်တော်ခရီးထွက်မှာ၊ တွေ့ချင်တာနဲ့ အတော်ပဲ၊ လာလိုက်ခဲ့ဟုဆိုကာ ခေါ်သွားသဖြင့် ကားဂိတ်သို့လမ်းလျှောက်ပို့ရလေသည်။ စကားလည်းပြော၊ လမ်းလည်းမြန်မြန်လျှောက်ရာ ကျန်းမာရေးသိမ်မကောင်းသော ကျွန်တော့်မှာနားလည်းထောင်ရ၊ ပြေးလည်းလိုက်ရနှင့် ဟောဟဲလိုက်နေပါသည်။ သူကတော့ မရိပ်မိပါ။ ကားမီအောင်သွားနေရာမြန်မှ မြန်ပါပဲ။ ဘာပြောမှန်းလည်းမကြားရပဲအင်း၊ အဲလုပ်ရင်း အသက်လုရှူရပါ၏။ ကပ်စေးနည်းသောဆရာသည် ဆိုက္ကားလည်းမစီးသဖြင့် စောစောစီးစီးသူများကို ဒုက္ခပေးချင်သော ကျွန်တော့်မှာ အတော်ပင်ပန်းရလေ၏။ ကားဂိတ်ရောက်တော့ လက်ဖက်ရည်တစ်ခွက်ဝယ်တိုက်ပြီး၊ ကားပေါ်တက်ထွက်သွားရာ ဟသ်ာတမှမရောက်ဖူးလေတော့ တည်းခိုအိမ်ကို မပြန်တတ်၍ ဟိုမေးဒီမေးနှင့် ခက်ခက်ခဲခဲပြန်ရပါ၏။ ဇနီးသည်ကတော့ ရယ်ရင်း ဟသ်ာမုန့်ဟင်းခါး နာမည်ကြီးတယ်၊ ရှာစားရအောင်. . . ဟု ပူဆာနေရာ တစ်ခါပင်ပန်းပြန်၏။ မုန့်ဟင်းခါးဆိုင်မတွေ့ဘဲ မနက်စောစောမှာ ချွေးပြိုက်ပြိုက်ကျပြီး တည်းခိုအိမ်သို့ရောက်လေ၏။

စင်စစ်. . . မနက်စောစောထပြီး ဘုရားရှင်နှင့် အရင်တွေ့ဆုံကာ မိတ်သဟာယဖွဲ့ရမှာက ယုံကြည်သူ သားသမီးတို့၏ မူလပထမအစီအစဉ် ဖြစ်သင့်ပါသည်။ သို့သော် ဟသ်ာတရောက်၍ အပျော်လွန်ကာ ဘုရားသခင်ကို ခေတ္တထား၍ သူများကို ဒုက္ခပေးချင်၊ နောက်ချင်၊ ပြောင်ချင်သော ကျွန်တော့်မှာ ထိုတစ်နေ့လုံးပင်ပန်းကာ၊ ကိုယ်လက်များကိုက်ခဲ၍ ဒုက္ခရောက်ခဲ့ရပါသည်။ တစ်နေ့တာ၏ နေ့ဦးအချိန်၊ ညဦးအချိန်များမှာ ဘုရားရှင်ကိုသာ မျှော်ကြည့်ရပါမည်။ ထိုသို့မဟုတ်လျှင် ပင်ပန်းသောနေ့ဖြစ်သွားပါလိမ့်မည်။ ကျွန်တော်၏ သက်သေခံချက်ကို ဖတ်ရလျှင် အပျော်သဘောဖြစ်စေ၊ တမင်တကာဖြစ်စေ ဘုရားရှင်ကို ခေတ္တာထား၍ အခြားအစီအစဉ်ကို ဦးစားမပေးရန်ဆင်ခြင်နိုင်ကြပါစေ။

**ဒီဇင်ဘာလ (၂၉) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

သင်၏ခြေကိုချော်စေခြင်းငှါ အခွင့်ပေးတော်မမူ။ သင့်ကိုစောင့်သောသူသည် အိပ်တော်မမူ။ အကယ်စင်စစ်ဣသရေလအမျိုးကို စောင့်သောသူသည် ငိုက်မြည်းအိပ်ပျော်ခြင်းရှိတော်မမူ။ (ဆာလံကျမ်း၊ ၁၂၁း၃)

## "အခွင့်ပေးတော်မမူ ..."

လူငယ်ကလေးသည် အထက်တန်းကျောင်းအားကစားရုံဆီသို့ လျှောက်သွားပါသည်။ ကျောင်း၏ဘတ်စကက်ဘောအသင်းအတွက် ရွေးချယ်ခံရသူတွေ၏ စာရင်းကို (၁၅) နှစ်သား မိုက်ကယ်ဂျော်ဒန်သည် အပြန်ပြန်အလှန်လှန်ကြည့်သောအခါ သူ၏နာမည်မပါခဲ့ပါ။ ရွေးချယ်ခြင်းမခံခဲ့ရပါ။ ယနေ့တွင်သူသည် ကမ္ဘာပေါ်၌ အတော်ဆုံးဘတ်စကက်ဘောသမားဖြစ်လာပါသည်။ သူသည်မိမိကိုယ်ကို ယုံကြည်လျက်အပြင်းအထန်လေ့ကျင့်ခဲ့ပါသည်။ သူ၏ သူငယ်ချင်းများက ရွေးချယ်ခံရလျက် ကလပ်အသင်းများ အထိခရီးပေါက်နေချိန်မှာ မိုက်ကယ်သည် ကျောင်းအသင်းမှာ တောင်စာရင်းမဝင်ခဲ့ပြန်ပါ။

သို့သော်လည်း မိုက်ကယ်သည် ဖွဲ့မလျော့ပဲ ဆက်လက်လေ့ကျင့်ခဲ့သဖြင့် နောက်တစ်နှစ်မှာ အရွေးခံရပါသည်။ သူ့အကြောင်းကို ရေးသောစာရေးဆရာ၏ မှတ်ချက်ကို ဖတ်ကြည့်ကြရအောင်။ စာရေးဆရာ ဒါဝိဒ်နီဗန်က "ငြင်းပယ်ခံရတာကြောင့် ရှုံးတယ်လို့ ဆိုတာမျိုးဟာ ကိုယ့်ကိုယ်ကို မယုံကြည်လို့ဖြစ်ရတာပါ။ ကိုယ့်ကိုယ်ကို ယုံကြည်သူတွေအတွက်ကျတော့ အဲဒါဟာစိန်ခေါ်မှုတစ်ရပ်ဖြစ်သွားပါလိမ့်မယ်။ လူတစ်ယောက်ဟာ မိမိကိုယ်မိမိ ယုံကြည်မှုနဲ့ ပြန်အားဖြည့်တတ်မယ်ဆိုရင် အမျိုးသားရော၊ အမျိုးသမီးတွေမှာပါ ဘဝအပေါ်ကျေနပ်မှု ၂၀%တိုးတက်ရရှိပါလိမ့်မည်"ဟူ၍ ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်ပင် တစ်ခါကရှုံးနိမ့်သွားရန် အခြေအနေတစ်ခုဖြစ်ခဲ့ပါသည်။

ညစဉ်ခွန်အားကိုဝယ်ယူတွေက လက်မခံတော့ဘူး။ စောင်ရေလျော့လျော့သွားပြီ။ ရပ်ထားရင်ကောင်းမယ်။ ဝင်ငွေများအလှူငွေများက ကုန်ကျစရိတ်ကိုမကာမိတော့ဘူးဟု ကြားသိရသောအခါ. . စိတ်ပျက်လျက်ဘာလုပ်ရမှန်းမသိ ဖြစ်သွားပါသည်။ ကူညီကြသောသူများကို ခေါ်၍ ဘယ်လိုလုပ်မလဲ။ ရပ်မလား၊ ဆက်သွားရင်ဖြစ်ပါဦးမလား. . ဟုတိုင်ပင်သောအခါ တစ်ယောက်တစ်မျိုးပြောကြပါသည်။ ထိုအချိန်မှာပင်. . . မျက်စိမမြင်သော ဧဝံဂေလိဆရာတစ်ယောက်က ညစဉ်ခွန်အားစာအုပ်ကို လာ၍တောင်းပါသည်။ နေရာအနှံ့လိုက်ဖြန့်သောထိုဆရာသည် စာအုပ်(၅၀)အတွက် ငွေတစ်ကျပ်မှ မပေးပဲ၊ ဆုတောင်းပေးသွားပါ၏။ သူ. . ဆုတောင်းပြီးလျှင် ကျွန်တော့်မှာ ခွန်အားအသစ်ရလာပါသည်။ အရှုံးမပေးပဲ ဆုတောင်းပေးသွားပါ၏။ အရှုံးမပေးဘဲ ဆက်၍အမှုတော်ဆောင်ကြစို့။ ဘုရားသခင်ကို ယုံကြည်တယ်ဆိုတာ သက်သေပြရအောင်ဟု ဆုံးဖြတ်ပြီး ညစဉ်ခရီးကို ဆက်ခဲ့ကြရပါသည်။ လွယ်လင့်တကူ အရှုံးပေးဖို့အတွက် နေ့စဉ်နှင့် အမျှသွေးဆောင်ခြင်းအများရှိပါသည်။ ယုံကြည်မှုမရှိလျှင် သုံးပေမျှသာကျယ်သော မြောင်းကိုခုန်ကူးနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့၏အသက်တာ မှာ ယုံကြည်ခြင်းရှိဖို့လိုအပ်ပါသည်။ ခပ်သိမ်းသောအမှုကို တတ်နိုင်သော ဘုရားရှင်သည် ကျွန်တော်တို့၏ခြေချော်စေခြင်းငှါ အခွင့်ပြုမည်မဟုတ်ပါ။



**ဒီဇင်ဘာလ (၃၀) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

သင်တို့သည် အလိုတော်သို့လိုက်မည်အကြောင်း၊ ကောင်းသောအကျင့်အမျိုးမျိုး၌ သင်တို့ကိုပြုပြင်တော်မူပါစေသော။ (ဟေဗြဲဩဝါဒစာ၊ ၁၃း၂၁)

## "ပြုခဲ့သမျှကိုသာ. . ."

**လွန်ခဲ့သောလက မြန်မာ့တမန်မဂ္ဂဇင်းမှ စာရေးသူများ မိတ်သဟာယအစီအစဉ်ကို အသင်းချုပ်ကူရှင်ခန်းမတွင် ပြုလုပ်ရာ ကျွန်တော့်ကိုလည်း ဖိတ်သဖြင့်သွားခဲ့ရပါသည်။ နှစ်ပေါင်းကြာမြင့်စွာ မရောက်ခဲ့သောနေရာဟောင်းပါ။ တစ်ချိန်တုံးက အသင်းချုပ်မှာ အမှုတော်ဆောင်စဉ်သည်နေရာမှာပဲ မေတ္တာတမန် မဂ္ဂဇင်း(၃၅)နှစ်ပြည့် အစီအစဉ်ကို လုပ်ဆောင်ခဲ့ဖူးပါ၏။ ထိုစဉ်က သက်ကြီးရွယ်အိုဆရာသမားများကို စင်မြင့်ထက်မှာ တင်ထား၍ ဂါရဝပြုကာ ကျေးဇူးတော်ချီးမွမ်းခဲ့ပါ၏။ ယခုတော့. . . ကျွန်တော်ပင်လျှင် ဖိတ်ကြားခံရသူဖြစ်လာပါ၏။ ဆံဖြူသွားကျိုးသော ကျွန်တော့်ကို နုပျိုသော ကေဒီဘန်တောင်က ဆရာနေကောင်းရဲ့လား။ ရောက်လာတာ ကျေးဇူးပဲနော်။ စာမူရေးပေးပါဦး. . . ဟုငြင်ငြင်သာသာပြောခဲ့ရာ ဟိုတုန်းက ဆရာကြီးများကို ကျွန်တော်ပြောခဲ့သလိုပဲ တစ်ထပ်တည်းဖြစ်နေရာ အံ့အားသင့်ရင်း အချိန်ကာလကို သမင်လည်ပြန်ငဲ့ကြည့်မိပါသည်။**

**ကဗျာတစ်ပုဒ်တွင်. . . လူတွေတစ်စုလာလိုက်၊ ပြန်သွားလိုက်။ ဒါပေမယ့် စမ်းချောင်းကလေးက စီးဆင်းမြဲ. . . ဟု ဖတ်ရဖူးပါသည်။ ဓမ္မသီချင်းတစ်ပုဒ်တွင်. . .**

**မိုးသောက်ကြယ်များ၏ လင်းရောင်သည် မှေးမှိန်ကာ နေရောင်ခြည်တွင်**

**ကွယ်ပျောက်ရသည့်နည်း၊ လောကအလုပ်မှ ကျွန်ုပ်တို့ လွန်သွားရာ**

**ပြုခဲ့သမျှကိုသာ မှတ်မိကြလိမ့်မည်. . .**

**ဟုသီဆိုခဲ့ဖူးပါသည်။ လောကတွင်အသက်ရှင်ခြင်းမှာ အကန့်အသတ်ရှိပါ၏။ ဂျာနယ်တစ်စောင်၌ ယခုနှစ်တွင် အသက်(၁၂၆)နှစ်ရှိ ပုဂ္ဂိုလ်ကွယ်လွန်ကြောင်း သတင်းဖတ်ရပါ၏။ ကမ္ဘာပေါ်မှာ အသက်အရှည်ဆုံးဆိုသော သူများသည် တစ်ရာ့ငါးဆယ်မကျော်နိုင်ကြပါ။ တစ်ရာဆိုတာတောင်ခဲခဲယဉ်းယဉ်းပါပဲ။ ဒီသက်တမ်းကလေးမှာ ဘာတွေများ လုပ်ဆောင်သွားခဲ့သလဲ။ ဘာလုပ်သွားမလဲဆိုတာ စဉ်းစားစရာတစ်ခုဖြစ်ပါသည်။ လူသည်အသက်ဘယ်လောက်နေရတယ်ဆိုတာထက် ဘယ်လိုအသက်ရှင်သွားတယ်ဆိုတာ ပိုအရေးကြီးတယ်ဟု. . . ဟောပြောသော ဒေသနာများကို ကြားဖူးကြပါ၏။**

**မြန်မာ့တမန်မဂ္ဂဇင်း၏ မိတ်ဆုံပွဲမှာ ကျွန်တော်တို့ဇနီးမောင်နှံနှစ်ယောက် လက်ဆောင်မဲပေါက်ပါသည်။ သူက. . . ဒိုင်ယာရီစာအုပ်အကောင်းစားဖြစ်ကာ၊ ကျွန်တော်က ဆပ်ပြာခွက်ဖြစ်ပါသည်။ သူမက လက်ဆောင်တွေက ကွက်တိပဲ။ ရှင်ကရေမချိုးလို့ ဆပ်ပြာခွက်ရတာဟု ပြောလျှင်စင်စစ်မကြာခဏ မေ့တတ်သော သူမအတွက်ရေးမှတ်စရာစာအုပ်ကလည်း အဓိပ္ပါယ်ရှိပါသည်။ ဤလောကမှ မလွန်ခင်ပြင်ဆင်ရန်သင့်သော အရာများကို ပြင်ဆင်လျက်၊ ကောင်းသောပုံသက်သေနှင့် အသက်ရှင်ဖို့ရန်ကြိုးစားကြရပါမည်။ ပြုခဲ့သမျှသည်သာ အောက်မေ့စရာဖြစ်စေပါ။**

**ဒီဇင်ဘာလ (၃၁) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

အို. . . ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော်အပေါင်းကို မမေ့လျော့နှင့်။ (ဆာလံကျမ်း၊ ၁၀၃း၂)

# “Thank You, Jesus ...”

တစ်ခါတုံးက သီချင်းရေးဆရာစောဂျိုးဂျိုအကြောင်းကို ပြောပြဖူးပါ၏။ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင်ပါ၏။ သခင်ယေရှု။ Thank you, Jesus ဟုပြောလေ့ရှိသောသူသည် တစ်ချိန်က Be A Light တေးဂီတအဖွဲ့နှင့် မြန်မာပြည်အနှံ့ဧဝံဂေလိ ခရီးစဉ်ထွက်ရာလအတန်ကြာမှ ပြန်ရောက်လာပါသတဲ့။ သွားတုန်းက သူနေသောရပ်ကွက်သည် မပြောင်းလဲသေး။ ပြန်လာသောအခါ ဟိုနေရာဒီနေရာတိုးတက် ပြောင်းလဲကာ အဆောက်အဦးသစ်များလည်း အလျင်အမြန်တည်ဆောက်ပြီးစီးနေလျှင် ကိုယ့်အိမ်နေရာကိုပင် မမှတ်မိပဲဖြစ်နေပါ၏။ တဝဲလည်လည်လျှောက်သွား၍ အိမ်မပြန်တတ်သည့် အဆုံး၊ ဇနီးသည် အလုပ်လုပ်သော ဆေးရုံးသို့ဖုန်းဆက်ကာ သူ့ကိုလာခေါ် စေပါ၏။ ပျောက်သော ယောက်ျား၏ အသံကိုကြားလျှင် ဇနီးသည်သည် စိုးရိမ်ပူပန်လျက် အလျင်အမြန်လာ၍ခေါ်ပြီး အိမ်သို့ပြန်ပို့ရပါသည်။ ကိုယ့်အိမ်ကိုယ့်ယာကိုပင် မမှတ်မိရကောင်းလားဟု ဒေါသထွက်စရာဖြစ်သော်လည်း၊ သီချင်းရှင်၏ နံရိုးကတော့ နားလည်ပေးသဖြင့် တော်ပါသေးသည်။ အဲဒီတုံးကတော့ Thank you, Jesus ဟုမပြောပဲ. . . Thank you, baby. . . ဟု စောဂျိုးဂျို ပြောခဲ့ပါလိမ့်မည်။

တစ်နှစ်တာကုန်ဆုံးသော ညမှာကျွန်တော်တို့ကော ဘယ်ရောက်နေပါလိမ့်။ ဤနေ့ ဤနေရာမှာ အသက်ရှင်လျက်ရှိနေခြင်းက တကယ်တော့ ကျေးဇူးတော်ပါပဲ မိတ်ဆွေ။ လူပေါင်းများစွာသည် ဤလောကမှ ထွက်ခွာသွားခဲ့ပြီဖြစ်သော်လည်း သင်နှင့်ကျွန်ုပ်ကတော့ လေကိုရှူရှိုက်ခွင့် ရင်ခုန်ခွင့်ရှိသေးသဖြင့် ဝမ်းသာစရာဖြစ်ပါသည်။ တစ်နှစ်တာကာလပတ်လုံး ဘယ်လမ်းကို လျှောက်၍ဘယ်ခရီးကို ရောက်သွားရသည်ကို ယနေ့ပြန်၍ စဉ်းစားကြည့်လျှင် တော်တော်ကလေးကို ဘုရားရှင်အားကျေးဇူးတင်စရာရှိပါသည်။ Thank you, Jesus...for 2006. . . ဟုအကြိမ်ကြိမ်ရေရွတ်ဖို့ရှိပါသည်။ တစ်နှစ်တာမှာ သေမင်းအရိပ်မှ လွတ်မြောက်ရသောအခွင့်၊ စိမ်းလန်းသောအရပ်မှာ ကျက်စားရသော အခွင့်၊ သာယာသောမြစ်နားမှာ အိပ်စက်နားနေခွင့်၊ ခွက်ဖလားများကို လျှံရသောအခွင့်သာမက ကျွန်တော်တို့၏ရန်သူများရှေ့မှာ စားပွဲကိုခင်းလျက် ခေါင်းကိုဆီဖြင့် လိမ်းကျံရသော အခွင့်မှစ၍. . . ကောင်းကြီးမင်္ဂလာ အထပ်ထပ်ကို ရခဲ့ကြသည် မဟုတ်ပါလား။

သို့ဖြစ်ရာ ဆာလံဆရာသွန်သင်သကဲ့သို့ ကျေးဇူးတော်အပေါင်းကို အမေ့လျော့ပဲ ချီးမွမ်းကြကုန်စို့။ အကြောင်းတစ်ခုခုကြောင့် မျက်စိလည်လမ်းမှား၍ ကိုယ်တော်ထံ မပြန်တတ်လျှင်လည်း အားငယ်စရာမရှိပါ။ ကိုယ်တော်သည် ကျွန်တော်တို့၏ တယ်လီဖုန်းခေါ်ဆိုမှုကို အချိန်ကြာမြင့်စွာကပင်စောင့်ဆိုင်းနေပါသည်။ ဝန်းကျင်အခြေအနေမည်သို့ပင်ရှိရှိ. . . ၊ ကျွန်တော်တို့အား ၂၀၀၇ခုနှစ်၏ သာယာနံနက်ခင်းကို ပို့ဆောင်ဖို့ရန် အဆင်သင့်ရှိနေကြောင်း သတိရဖို့ပါပဲ။

‘ Happy New Year, 2007 ’ကို မနက်ဖြန်နေ့မှာ အော်ဟစ်ကြိုဆိုခြင်း မပြုခင် ယနေ့တွင်. . . Thank you, Jesus ကျေးဇူးတင်သည် သခင်ယေရှုဟု ဝန်ခံလျက် ဂုဏ်တော်ကိုချီးမွမ်းကြပါစို့။